ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့် ၊ သောကြာနေ့ ၊ (15-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၉၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပူဇော်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက အနုပညာရှင်များ၏ မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်တေးသီချင်းဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော်ရက်လုပ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ပူဇော်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁



ရတနာပုံ
၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်

အယ်ဒီတာ့အာဘော်

# တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့

တန်ဆောင်မုန်းလသည် မြန်မာ့တစ်ဆယ့်နှစ်လတွင် ရှစ်လမြောက်လဖြစ်သည်။ "တန်ဆောင်"သည် မီးရှူးမီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရသည်။ "မုန်း"မှာ တောက်ပစေခြင်း၊ ထွန်းညှိခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ဆီမီးတန်ဆောင်ထွန်းပြောင်သောလဟု ခေါ်ဆိုသည်။ တန်ဆောင်မုန်းလ၏ စန်းယှဉ်နက္ခတ်မှာ ကြတ္တိကာနက္ခတ်(ဖျောက်ဆိပ်ကြယ်)ဖြစ်ပြီး ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ တန်ဆောင်မုန်းလ၏ ထူးခြားသောလက္ခဏာမှာ ကောင်းကင်ကြည်လင်ခြင်းဖြစ်သည်။ တန်ဆောင်မုန်းလပြည့်ည သန်းခေါင်ချိန်တွင် လဝန်းအနီး၌ ကြတ္တိကာနက္ခတ်(ဖျောက်ဆိပ်ကြယ်)ကို တွေ့ရမည်ဖြစ်ပေသည်။ ထို့ပြင် တန်ဆောင်မုန်းလပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဇာတသတ်မင်းအမှူးပြုသော ပရိသတ်တို့ကို သာမညဖလသုတ် ခေါ် ရဟန်းပြုရသောအကျိုးတရားတော်ကို ဟောကြားတော်မူသော နေ့ထူးနေ့မြတ်ဖြစ်သောကြောင့် သာမညဖလအခါတော်နေ့လည်းဖြစ်ပေသည်။

အဇာတသတ်မင်းသည် ဒေဝဒတ်နှင့်ပေါင်းမိသဖြင့် ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်ခဲ့မိသည့်အချိန်မှစ၍ အိပ်မပျော်သောရောဂါဝေဒနာစွဲကပ်ခဲ့သည်။ ထိုဝေဒနာပျောက်ကင်းအောင် မည်သည့်ဆေးနှင့်မျှ ကုစား၍မရဖြစ်နေသည်။ တိတ္ထိဆရာကြီးခြောက်ဦးတို့ထံ ရောက်သွားသော်လည်း အဇာတသတ်မင်း၏ ရောဂါဝေဒနာကို ပျောက်ကင်းရန် နည်းလမ်းမပေးနိုင်ခဲ့ပေ။ နောက်ဆုံးတွင် သမားတော်ကြီးဇီဝက၏ အကူအညီဖြင့် အဇာတသတ်မင်းသည် မြတ်စွာဘုရားထံသို့ ရောက်သွားခဲ့သည်။ ဤတွင် မြတ်စွာဘုရားက အဇာတသတ်မင်းကို သာမညဖလတရားတော်ဟောကြားတော်မူခဲ့ပေသည်။

သာမညဖလတရားတော်ကို နာကြားလိုက်ရသည့်အတွက် အဇာတသတ်မင်းသည် အိပ်မပျော်သောရောဂါဝေဒနာလည်း ငြိမ်းအေးပျောက်ကွယ်သွားသည်။ ထို့မျှမက ခမည်းတော်ကိုသတ်ခဲ့မိသော အမှားကိုလည်း နောင်တရခဲ့သည်။ ဗုဒ္ဓသာသနာတော်ကိုလည်း ကြည်ညိုသူဖြစ်လာသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက်ပိုင်းတွင်လည်း အဇာတသတ်မင်းကြီးသည် ပထမသင်္ဂါယနာတင်ပွဲကြီး ဖြစ်မြောက်အောင်ကူညီပေးခဲ့သည့်အပြင် ဗုဒ္ဓဘာသာဝင်များအတွက် ဓာတ်တော်များကိုစနစ်တကျ သိမ်းဆည်းထားခဲ့ကာ ဗုဒ္ဓသာသနာနှစ်ကို အတိအကျသတ်မှတ်ပေးခဲ့သည်။

သာမညဖလဟူသည် ရဟန်းပြုခြင်း၏အကျိုးများကို ဖော်ပြချက်ဖြစ်သည်။ သာမညဖလသုတ်ခေါ် ရဟန်းပြုခြင်း၏အကျိုးများကို မြတ်စွာဘုရားကဟောကြားတော်မူခဲ့သဖြင့် အဇာတသတ်မင်းနှင့်တကွ ကြားနာရသူအပေါင်းတို့သည် ရဟန်းပြုခြင်း၏အကျိုးများကို နာယူမှတ်သားခွင့်ရခဲ့ကြသည်။ သာမညဖလသုတ် ခေါ် ရဟန်းပြုခြင်း၏အကျိုးတရားများကို မြတ်စွာဘုရားက တန်ဆောင်မုန်းလပြည့်ညတွင် ဟောတော်မူသည်ကိုအကြောင်းပြု၍ သံဃာတော်များနေ့ဟုလည်း သတ်မှတ်ကြပေသည်။

တန်ဆောင်မုန်းလပြည့်ညသည် ကောင်းကင်ယံ၌ နက္ခတ်တာရာစုံသောညဖြစ်သည်။ ထို့ကြောင့် နက္ခတ်ပွဲသဘင်များကျင်းပကြ၏။ ဆေးပေါင်းခသဖြင့် မဲဇလီဖူးသုပ်စားကြသည်။ ထို့အတူ ကျီးမနိုးပွဲများကိုလည်း ပျော်ပွဲရွှင်ပွဲအဖြစ် ကျင်းပကြပေသည်။

သို့ဖြစ်ရာ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။ ထိုနေ့တွင် ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းကားပြန့်ပွားရေး၊ သာသနာတော်အဓွန့်ရှည်ရေး၊ သူတော်ကောင်းတရားများပြန့်ပွားရေးကို အလေးအမြတ်ပြုခဲ့သည့် အဇာတသတ်မင်းကြီးဖြစ်စဉ်ကို ဆင်ခြင်မှတ်သား၍ ဗုဒ္ဓဘာသာဝင်တိုင်းသည် ကောင်းမှုကုသိုလ်များ တိုးပွားအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ကောင်းကျိုးရလဒ်များတိုးပွားလာမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ပြည်တွင်းမှထွက်ရှိသည့်အာလူးများ မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလဒုတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်လာ



**မန္တလေး နိုဝင်ဘာ ၁၄**

ပြည်တွင်းမှ ထွက်ရှိသည့် အာလူးများ မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလဒုတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်လာကြောင်း အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

နောင်ချို၊ မုံရွာ၊ ဟဲဟိုး စသည့် ဒေသများမှထွက်ရှိသည့် အာလူးများသည် နိုဝင်ဘာလပထမပတ်က မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်အနည်းငယ်အေးနေခဲ့ပြီး ယခုလက်ရှိတွင် ပြန်လည်ကောင်းမွန်နေကြောင်း သိရသည်။

"အခုလတ်တလောကတော့ နောင်ချိုဘက်ကနေ ထွက်ရှိတဲ့ အာလူးတွေ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်တော်တော်လေးကောင်းနေတယ်။ အာလူးတွေ ဈေးကွက်ထဲ အဝယ်လိုက်နေတာကြောင့် ကုန်စည်လက်ကျန်နည်းလာပြီး အရောင်းအဝယ်ကောင်းလာတာဖြစ်ပါတယ်" ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယခုလက်ရှိ အာလူးတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ခန့်ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"မန္တလေးဈေးကွက်မှာ ပြည်တွင်း နောင်ချို၊ မုံရွာ၊ ဟဲဟိုး စတဲ့ ဒေသတွေက ထွက်ရှိတဲ့အာလူးတွေထဲမှာ အခုလတ်တလော နောင်ချိုဘက်က ထွက်ရှိတဲ့ အာလူးတွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ တရုတ်နိုင်ငံဘက်ကနေ တင်သွင်းတဲ့ တရုတ်အာလူးတွေလဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။ (၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် အသစ်ဘီးများ အရောင်းအဝယ်ဖြစ်မှု နည်းနေဆဲဖြစ်ကာ အချို့အရောင်းဆိုင်များက ဆိုင်ကယ်တန်ဖိုး ဈေးနှုန်းသင့်ပြီး မဲတစ်စောင်လျှင် အနည်းဆုံးငွေကျပ် ၁၅၀၀၀ ခန့်ဖြင့် ရောင်းချခြင်းများလည်း ရှိလာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိ ဈေးကွက်အတွင်း၌ ဆိုင်ကယ်အသစ်ဈေးနှုန်းများ ဈေးပြန်ကျလာသော်လည်း အရောင်းအဝယ်ဖြစ်မှု နည်းနေဆဲဖြစ်ပြီး ဈေးနှုန်းကျဆင်းလာခြင်းမရှိသေးသည့် တစ်ပတ်ရစ်ဘီးများတွင် ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဘီးအသစ်တွေ ဈေးကျပေမဲ့ အရောင်းအဝယ် နည်းတယ်။ အရောင်းအဝယ်အေးတော့ အချို့ဆိုင်တွေက ဘီးအသစ်တွေကို မဲတစ်စောင် အနည်းဆုံး ငွေကျပ် ၁၅၀၀၀ လောက်နဲ့ရောင်းပေးနေပြီး ၁၅ ရက် တစ်ကြိမ်လောက် မဲဖောက်ပေးနေတာမျိုးတွေ တွေ့လာရတယ်။ ဘီးအဟောင်းတွေကတော့ ဈေးမကျဘူး။ အရောင်းအဝယ် ပုံမှန်ရှိနေပါတယ်"ဟု ဆိုင်ကယ်ဝယ်ရောင်း ပြုလုပ်သူ ဦးမင်းနိုင်က ပြောပြသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ်အော်တိုဂီယာ နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ သိန်း ၇၀ ခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ သိန်း ၄၀ ခန့်၊ ထိုင်းနိုင်ငံထုတ် Scoopy i အမျိုးအစားဘီးများတွင် နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာငွေကျပ် သိန်း ၂၀ မှ ၃၅ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ်ဆိုင်ကယ် ဈေးနှုန်းများတွင် 110 အမျိုးအစားများမှာ ငွေကျပ်ကိုးသိန်းငါးသောင်းမှ ၁၈ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး၊ 125 R၊ CZI အမျိုးအစားများမှာ ငွေကျပ် ၁၄ သိန်းမှ ၂၅ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

ကားဈေးကွက်၌ ပွိုင့်သရီးကား အမျိုးအစားများတွင် ဟွန်ဒါဖစ်၊ တိုယိုတာဝှစ်၊ တိုယိုတာဗစ်၊ တိုယိုတာရက်တစ်၊ တိုယိုတာဘယ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိပြီး အမြင့်ကားများတွင် တိုယိုတာအယ်ဖတ်၊ တိုယိုတာကလူဂါ၊ တိုယိုတာဘင်ဂတ်၊ တိုယိုတာကရောင်း၊ တိုယိုတာနိုအာကားများ အရောင်းအဝယ်ဖြစ်မှုနည်းကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ၆၆၀ စီစီပစ်ကပ်ကားများတွင် ဟိုက်ဂျက်အော်တို ငွေကျပ် သိန်း ၂၀၀ ခန့်၊ Manual ငွေကျပ် ၁၆၅ သိန်းခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူးကားများတွင် Manual ငွေကျပ် သိန်း ၁၃၀၊ အော်တို ငွေကျပ် သိန်း ၁၅၀ ခန့်ဖြင့် အရောင်းအဝယ်အနည်းငယ်ရှိနေကြောင်း သိရသည်။

"ဈေးကွက်ထဲမှာတော့ ကြိုက်ရောင်းကြိုက်ဝယ်ပုံစံမျိုးနဲ့ ဖြစ်နေတာများတယ်။ ဝယ်ရောင်းတွေဆီမှာ အရောင်းအပ်ကားတွေ ပိုများလာတာကြောင့် တချို့လဲလိုင်းပေါ်တင်ပြီး ရောင်းလာကြတာတွေရှိတယ်။ လက်ရှိ ပွိုင့်သရီးကားထဲက ဘယ်မောင်းတွေနဲ့ ၆၆၀ စီစီ ပစ်ကပ်ကားထဲက အော်တိုလေးတွေတော့ အရောင်းအဝယ်ရှိပါတယ်"ဟု ကားဝယ်ရောင်းပြုလုပ်သူ ဦးဇော်ကြီးက ပြောပြသည်။ (၁၇၃)

# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၃၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကလေး နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၃၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၉၁၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၃၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် ဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် ကုန်းသာကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**မင်းဘူး နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းသာကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးမည့် အသင်းသား၊ အသင်းသူများအနေဖြင့် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ကြစေလိုသည့်အချက်များ၊ ကျေးရွာနေ လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ကုန်းသာကျေးရွာ၌ ဆီထွက်သီးနှံ စိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး သီလရှင်ဆောင်ကြီးကြပ်ရေးအမျိုးသမီးဆပ်ကော်မတီ အလှူရှင်အဖွဲ့က လစဉ်ဆွမ်းအလှူငွေကျပ် ၇၀၀၀၀၀၊ ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင်များအတွက် ငွေကျပ် ၃၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၅၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ဧည့်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

'' ပြီးခဲ့တဲ့ တစ်လအတွင်းမှာ ရန်ကုန်ဈေးကွက်ကို ကျိုက်လတ်မြို့နယ်ကနေ ဧည့်မထဆန် အိတ်ရေ ၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲဧည့်မထဆန်တွေအဝယ်များပြီး အရင်ကထက် ပိုမိုတင်ပို့ရောင်းချနေရပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်ပစ္စည်းတွေ များများတင်ပို့ရောင်းချလာရပေမဲ့ ဆန်ဈေးကငြိမ်နေပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ တင်ပို့တဲ့ ဧည့်မထဆန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချလျက်ရှိပါတယ်''ဟု ကျိုက်လတ်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ဧည့်မထဆန်များကို နေ့စဉ်ကြိတ်ခွဲသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ဧည့်မထဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ ထိ ဈေးပေါက်နေပြီး ဆန်များဝယ်ယူအား ကောင်းလာသည့်အတွက် ကုန်သည်များ၊ ရေလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လျက်ရှိကြောင်း ကျိုက်လတ်မြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် ရေဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ရေဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၄၂ ဦးကို ငွေကျပ် သိန်း ၇၅၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၂၀၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မော်လိုက် နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၂၀၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၉၀၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၀၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေစိုက်ပျိုးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်၊ စိုက်နည်းစနစ်မှန်ကန်စေရန်၊ ပိုးမွှားကျရောက်မှုကင်းစင်စေရန်၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရန် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

**(၂၀၆)**



# လှူကထိန်သင်္ကန်းနဲ့ မင်္ဂလမ်းကိုရည်မျှော် သာမညဖလသုတ်အခါတော်နေ့

> **❖မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝါကျွတ်ချိန်တွင် ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ပူဇော်ကြရန်အတွက် ပါဝေယျမြို့မှ ကြွလာတော်မူခဲ့ကြရာ မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကြောင့် ရဟန်းတော်များကို မိုးရေများ စိုရွှဲကုန်ကြသည်။ မိုးရေစိုရွှဲနေသော သင်္ကန်းများနှင့်ပင်ဘုရားရှင်ကို ဖူးမြော်ပူဇော်ခဲ့ကြရာ မြတ်ဗုဒ္ဓက ထိုရဟန်းများကို အကြောင်းပြုပြီး ပုရိမဝါကပ်ခြင်းနှင့်ပြည့်စုံသော ရဟန်းတော်တို့အား ကထိန်ခင်း၍ သင်္ကန်းသုံးစွဲခွင့်ကို ပညတ်ပေးတော်မူခဲ့သည်။ ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးသော ရဟန်းသံဃာတော်များအား ကထိန်သင်္ကန်းကပ်လှူခွင့်နှင့် သုံးစွဲခွင့်ပြုခဲ့ခြင်းပင်ဖြစ်သည်။ ❖**

"မိုးဝသန်ချိန်ဆုံးလို့၊ တန်ဆောင်မုန်းဖြိုးစွာ၊
ဖဝါးနှစ်စွန်းခါဝယ်၊ ကြတ္တိကာကြယ်မင်း၊
ခဝဲပွင့်မာလာငယ်၊ သည်ချိန်ခါမွှေးပျံ့ထုံသင်း
ဥ_တ်ကထိန်ခါသမယကိုလ၊ များဒါနပြုကြမြဲ
သံသရာနေခင်အရေးကိုလ၊ ထောက်တွေး
ကြံဆင်ခြင်
ကင်းလွတ်ကြောင်းအင်၊ မြတ်ပုညကောင်းခွင်
မှာ နှစ်အစဉ်ပွဲပေရှင့်လေး။ ။"

(ဦးပုညဖွဲ့-တေးထပ်)

ရှေးဟောင်းပေါရာဏပေမူ၊ ပုရပိုက်များလာ၊ မြန်မာမှုများတွင် "**တန်ဆောင်မုန်းလ**"ကို "**တန်ဆောင်မှုန်**"ဟု ခေါ်ဆိုရေးမှတ်ခဲ့ပြီး ပုဂံခေတ်ကျောက်စာများတွင် "**တန်ဆောင်မှုန်**" မှ "**တန်ဆောင်မှုန်း**" "**တန်းဆောင်မှုန်း**"ဟု အဆင့်ဆင့်ပြောင်းလဲခေါ်ဆိုသတ်မှတ်ခဲ့ကြသည်။ အင်းဝခေတ်ရောက်မှ "**တန်ဆောင်မုန်း**"ဟု ခေါ်ဆိုသတ်မှတ်ခဲ့ကြပါသည်။

"**တန်ဆောင်**" သည် "**မီးရှူးမီးတိုင်(ဆီမီး)**"ဖြစ်၍ "**မှုန်း**" "**မုန်း**" သည် "**တောက်ပထွန်းလင်းခြင်း**"ဟု အနက်အဓိပ္ပာယ်ရသည်။ ထို့ပြင် တန်ဆောင်မုန်းလကိုပင် "**တန်=အလင်းရောင်။ ဆောင်= သယ်ပိုးခြင်း၊ သယ်ဆောင်ခြင်း။ မှုန်း/မုန်း = ထွန်းလင်းတောက်ပခြင်း။ မီးရှူးမီးတိုင်ဖြင့် အလင်းရောင်သယ်ဆောင်ကာ ထွန်းလင်းတောက်ပစေသောလ၊ ဆီမီးတန်ဆောင်ထွန်းပြောင်စေသောလ**ဟု သတ်မှတ်ခဲ့ကြပါသည်။

တန်ဆောင်မုန်းလ၏ပထမလဆန်းတစ်ဝက်မှာ မိုးရာသီထဲတွင်ပါဝင်ပြီး ဒုတိယလဆုတ်တစ်ဝက်မှာ ဆောင်းရာသီထဲတွင် ပါဝင်သည်။ မိုးအကုန် ဆောင်းအကူးမို့ "**တန်ဆောင်မုန်းတွင်း၊ ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်**"ဟု စာဆိုရှိခဲ့သည်။ လယ်ယာမြေတွင် စပါးကောက်ပင်တို့ ဝတ်ဆံထွက်ချိန်မို့ "**ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း**" "**တောင်သူရွှင်ပြုံး၊ တန်ဆောင်မုန်း**"ဟု လယ်ယာဆိုထုံးများရှိခဲ့ကြပါသည်။

ဆီမီးမြိုင်မြိုင် လတန်ဆောင်တိုင်၏ ရာသီအမည်က "**ဗြိစ္ဆာ**"၊ ဝန်းပြည့်နက္ခတ်က "**ကြတ္တိကာ**" ယှဉ်တာရာက "**ကျီးတာရာ**" ရာသီရုပ်က "**ကင်းမလက်မည်း**" ရာသီပန်းက "**ခဝဲပန်း**" ရာသီပွဲက "**ကထိန်ပွဲ(တန်ဆောင်တိုင်)**၊ လပြည့်သန်းခေါင်နတ်ပေါင်းခပင်က "**မဲဇလီပင်**" ရက်ရာဇာက "**သောကြာ၊ ရာဟု**"၊ ပြဿဒါးက "**အင်္ဂါ၊ ရာဟု**" စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ် ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြပါသည်။

ရတုသာစွ ကထိန်လ၊ တန်ဆောင်မုန်းလကို "မာသာနံ သရဒေါသေဋ္ဌ" မာသာနံ=လပေါင်းတစ်ဆယ့်နှစ်လတို့တွင်။ သရဒေါ= ဆီးနှင်းမြူတိမ်ကင်းစင်သော တန်ဆောင်မုန်းလသည်။ သေဋ္ဌော= ကြည်လင်ရွှင်ပြီး၊ နှလုံးမွေ့လျော်ဆုံး လထူးလမြတ်ဖြစ်သည်ဟု "**အရှင်သာရိပုတ္တရာ၏ အပဒါန်ကျမ်း**"တွင် ဖော်ညွှန်းထားပါသည်။ "ရတုကာလံ= ရတုကာလတို့တွင် သရဒံ= တန်ဆောင်မုန်းလသည် ပဓာနံ=မြတ်၏ဟုလည်း လောကနီတိတွင် ဆိုထားပါသည်။

တန်ဆောင်မုန်းလ၏ မြတ်သောထူးခြားမှုမှာ "**ကထိန်ပွဲ**"၊ "**မီးထွန်းပွဲ**"နှင့် "**သာမညဖလသုတ်အခါတော်နေ့**"ပင်ဖြစ်သည်။

**ကထိန်ပွဲ**

တန်ဆောင်တိုင်၏အဓိကဘာသာရေးပွဲတော်မှာ "**ကထိန်ပွဲ**"ပင်ဖြစ်သည်။ ကထိန်ဟူသည်မှာ "**ကထိန်**" ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာပြီး "**မြဲမြံခိုင်ခံ့ခြင်း**"ဟု အဓိပ္ပာယ်ရသည်။ မြဲမြံခိုင်ခံ့ခြင်း အကျိုးတရားငါးပါးကို ရရှိနိုင်သောကြောင့် ကထိန်ဟု သတ်မှတ်ထားခြင်းဖြစ်သည်။

"**သင်္ကန်းလှူရ၊ ကျိုးရှစ်ဝ**"ဟု သတ်မှတ်ထားရာ "**ရွှေသို့အဆင်း၊ မြူကြေးကင်း၍ ရောင်ဝင်းစုံဝ၊ ထွန်းလင်းပ၏၊ မကသိန်းဖိုး၊ ပုဆိုးရလေ၊ ညိုရွှေဖြူနီ၊ ဤရှစ်လီသည်၊ ကျမ်းညီသင်္ကန်းလှူကျိုးတည်း**" ဟူ၍ဖြစ်သည်။ ထိုသို့ ရိုးရိုးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းထက် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လအတွင်း တစ်ကျောင်းတွင် တစ်ကြိမ်သာလျှင် လှူဒါန်းခွင့်ရရှိသည့် ကထိန်သင်္ကန်းလှူဒါန်းရခြင်းက ပိုမို၍ထူးခြားသော ကောင်းကျိုးငါးမျိုး(တစ်နည်းအားဖြင့်) ကထိန်သင်္ကန်း၏အကျိုးငါးပါးကို ရရှိနိုင်ပါသည်။

ကထိန်သင်္ကန်းကို ဝါတွင်းသုံးလပတ်လုံး၊ ဝါမကျိုးမပျက်ဘဲ၊ ပဝါရဏာပြုသော ရဟန်းသံဃာတော်များ ခံယူခွင့်ရှိကြပြီး ကထိန်သင်္ကန်း၏အကျိုးငါးပါးကိုလည်း ခံစားခွင့်ရပါသည်။

ထူးခြားအကျိုးငါးမျိုး(ဝါ) ကထိန်သင်္ကန်း၏ အကျိုးငါးပါးမှာ (၁) အချုပ်အချယ်၊ အတားအဆီးမရှိ၊ မိမိလိုရာအရပ်သို့ လွတ်လပ်စွာသွားလာနိုင်ခြင်း၊ (၂) နိဗ္ဗာန်မရမီဘဝစပ်ကြား၌ပြုလုပ်သော ကိစ္စအဝဝတို့တွင် လွယ်ကူစွာပြုလုပ်နိုင်ခြင်း၊ (၃) မိမိ၌ဝတ်ဆင်၍မကုန်နိုင်လောက်အောင် အဝတ်တန်ဆာ၊ စည်းစိမ်ဥစ္စာတို့ပေါများပြီး၊ မိမိကိုယ်တိုင်ချမ်းသာစွာသုံးစွဲနိုင်ခြင်း၊ (၄) မိမိစားသုံးသော အစားအစာများမှာ ပေါများ၍ အဆိပ်အတောက်အန္တရာယ်မရှိခြင်း၊ (၅) မိမိ၏ စည်းစိမ်ဥစ္စာများ၊ ရန်သူမျိုးငါးပါးဘေးကြောင့် ပျက်စီးမှုမကြုံတွေ့ရခြင်းဟူ၍ဖြစ်သည်။ အလွန်ပင် တန်ဖိုးရှိလှပါပေသည်။

ထို့ကြောင့် "**ဘုရားမှာ စိန်၊ ကျောင်းမှာသိမ်၊ သင်္ကန်းမှာ ကထိန်၊ ဆွမ်းမှာပိဏ္ဍ**"ဟူ၍ ကထိန်သင်္ကန်းလှူဒါန်းရခြင်းသည် အမြတ်ဆုံးဖြစ်ကြောင်း ညွှန်းဆိုထားပါသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝါကျွတ်ချိန်တွင် ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ပူဇော်ကြရန်အတွက် ပါဝေယျမြို့မှ ကြွလာတော်မူခဲ့ကြရာ မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကြောင့် ရဟန်းတော်များကို မိုးရေများ စိုရွှဲကုန်ကြသည်။ မိုးရေစိုရွှဲနေသော သင်္ကန်းများနှင့်ပင် ဘုရားရှင်ကို ဖူးမြော်ပူဇော်ခဲ့ကြရာ မြတ်ဗုဒ္ဓက ထိုရဟန်းများကို အကြောင်းပြုပြီး ပုရိမဝါကပ်ခြင်းနှင့် ပြည့်စုံသော ရဟန်းတော်တို့အား ကထိန်ခင်း၍ သင်္ကန်းသုံးစွဲခွင့်ကို ပညတ်ပေးတော်မူခဲ့သည်။ ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးသော ရဟန်းသံဃာတော်များအား ကထိန်သင်္ကန်းကပ်လှူခွင့်နှင့် သုံးစွဲခွင့်ပြုခဲ့ခြင်းပင်ဖြစ်သည်။

"ပဒုမမြတ်စွာဘုရားနှင့် ပဒုမုတ္တရ မြတ်စွာဘုရားရှင်"တို့၏လက်ထက်ကတည်းက ကထိန်သင်္ကန်းကပ်လှူခွင့်ပြုခဲ့ကြောင်း၊ ပဒုမဘုရားရှင်ကိုယ်တော်တိုင် သင်္ကန်းချုပ်ရာမှာ အပ်နဖားထိုး၍ အကူအညီပေးခဲ့ကြောင်း ဗုဒ္ဓစာပေအဋ္ဌကထာများတွင် မှတ်တမ်းတင်ထားပါသည်။

ကထိန်သင်္ကန်းများအပါအဝင် ဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းအစုံပါဝင်သော ပဒေသာပင်မျိုးစုံကို အလှူရှင်များက ကျောင်းတိုက်အသီးသီးသို့ ပို့ဆောင်လှူဒါန်းကြလေ့ရှိသည်။ အချို့အလှူရှင်များကတော့ ဒေသအတွင်း ချောင်ကျပြီး ကထိန်ပွဲခင်းခွင့်မရရှာသောကျောင်းများကိုသာရွေးပြီး ကထိန်ပွဲကို ဆိတ်ငြိမ်အေးချမ်းစွာ ကျင်းပကြပါသည်။ ထိုကထိန်ကို "**အေးကထိန်**"ဟု ခေါ်ပါသည်။

"**ကထိန်ခင်းရန်၊ ထုတ်မိန့်ပြန်၊ သုံးတန်သင်္ကန်းမျိုး**"ဟု မြတ်ဗုဒ္ဓခွင့်ပြုတော်မူထားသော သင်္ကန်းသုံးမျိုးမှာ (၁) ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီး (၂)ကောသီခေါ် ကိုယ်ဝတ်သင်္ကန်းနှင့် (၃)သင်းပိုင်ခေါ် ခါးဝတ်သင်္ကန်းတို့ဖြစ်ရာ ထိုသင်္ကန်းသုံးမျိုးစလုံး ဝိနည်းနှင့် ညီကြရပါသည်။

ကထိန်သင်္ကန်းကပ်လှူကြရာတွင် မသိုးသင်္ကန်းလည်းပါဝင်သည်။ "**ညတွင်းချင်းအပြီး ရက်လုပ်လှူဒါန်းသောကထိန်လျာသင်္ကန်းကို မသိုးသင်္ကန်း**" ဟုခေါ်သည်။ တန်ဆောင်မုန်းလဆန်း(၁၄)ရက်နေ့(အဖိတ်နေ့)ညမှစ၍ တစ်ညလုံးပြီးစီးသည်အထိ၊ အသင်းလိုက်၊ အစုအဖွဲ့လိုက်၊ ကုသိုလ်ဇောဖြင့် အပြိုင်အဆိုင် ရက်လုပ်ခဲ့ကြပြီး လပြည့်နေ့အရုဏ်တက်ချိန်တွင် မသိုးသင်္ကန်းကပ်လှူပွဲကို ကျင်းပကြလေ့ရှိသည်။ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲများကို ရန်ကုန်မြို့မှ တန်ခိုးကြီးရွှေတိဂုံစေတီတော်ကြီးနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ စေတီဘုရားအနှံ့အပြားတွင် ကျင်းပခဲ့ကြကာ ကထိန်သင်္ကန်းများအဖြစ် ဆက်ကပ်လှူဒါန်းနေကြပါသည်။

**မီးထွန်းပွဲ**

တန်ဆောင်မုန်းလတွင် မိုးရာသီ၏နိဂုံးအဆုံး လဝက် (၁၅)ရက်ပါဝင်ပြီး ဆောင်းရာသီ၏ နိဒါန်းအစ လဝက်(၁၅)ရက်ပါဝင်သည်။ ထို့ကြောင့် "စာဆိုဦးပု"က "**မိုးဝသန်ချိန်ဆုံးလို့၊ တန်ဆောင်မုန်းဖြိုးစွာ၊ ဖဝါးနှစ်စွန်းခါဝယ်၊ ကြတ္တိကာကြယ်မင်း၊ ခဝဲပွင့်မာလာငယ်၊ သည်ချိန်ခါမွှေးထုံပျံ့သင်း**"ဟု ဖွဲ့ဆိုခဲ့ပါသည်။ ဆိုလိုတာက ထိုလတွင် မိုးလေကင်းစင်သောကြောင့် ဆီမီးများထွန်းညှိ၍ မြတ်ဗုဒ္ဓအား ပူဇော်ခဲ့ကြရာမှ "ဆီမီးမြိုင်မြိုင် လတန်ဆောင်တိုင်"ဟူ၍ စွဲမှတ်ခဲ့ကြသောကြောင့်ဖြစ်သည်။

**သာမညဖလသုတ်အခါတော်နေ့**

ဆီမီးမြိုင်မြိုင် လတန်ဆောင်တိုင်ကို များသောအားဖြင့် ကထိန်ပွဲများနှင့် မီးထွန်းပွဲများကျင်းပကြသည့်လဟုသာ အသိများစိတ်ဝင်စားကြသည်။ သာမညဖလသုတ် အခါတော်နေ့ပူဇော်ပွဲကိုကား အသိနည်းခဲ့ကြသည်။ တကယ်တော့ ကျေးဇူးရှင်ဖခင်ကိုသတ်ခဲ့သည့် အဇာတသတ်မင်းသည် တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်ဗုဒ္ဓနှင့် သံဃာတော်များကို ဖူးမြော်တွေ့ဆုံပြီး အမှားကို မြင်အမှန်ပြင်ကာ ကျွတ်တန်းဝင်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

အဇာတသတ်မင်းသားသည် ဒေဝဒတ်နှင့်ပေါင်းပြီး ဖခင်ကိုသတ် မင်းလုပ်အုပ်ချုပ်နေရသော်လည်း အကုသိုလ်ကံ၏ရိုက်ခတ်မှုဒဏ်ကြောင့် စားမဝင် အိပ်မပျော်ဘဲ တုန်လှုပ်ချောက်ချားနေခဲ့သည်။ တစ်နေ့သော တန်ဆောင်မုန်းလပြည့်နေ့ညတွင် ထိုဝေဒနာဆိုးများ ပျောက်ကင်းစေရေးအတွက် အဘယ်မည်သောရဟန်းသံဃာ၊ ဗြဟ္မဏတို့ထံချဉ်းကပ်ရပါမည်နည်းဟု မိစ္ဆာဒိဋ္ဌိဆရာကြီးခြောက်ဦးကို မေးမြန်းခဲ့ရာ လိုလားသောအဖြေကိုမရခဲ့ပေ။ ထို့ကြောင့်နောက်ဆုံးတွင် ဆရာဇီဝက၏ အကြံပြုလျှောက်တင်ချက်အရ ဇီဝက၏သရက်ဥယျာဉ်တွင် ရဟန်းသံဃာတစ်ထောင့်နှစ်ရာငါးကျိပ်နှင့် သီတင်းသုံးနေတော်မူသော မြတ်ဗုဒ္ဓထံမှောက်သို့ ရောက်ရှိဖူးမြော်တွေ့ဆုံ မေးမြန်းလျှောက်တင်ခဲ့ရာ ဘုရားရှင်က ရဟန်းဖြစ်ရခြင်းအကျိုး အဆင့်ဆင့်ပါသော "**သာမညဖလသုတ်တော်**"ကို သာဓကဥပမာများဆောင်ပြီး အဇာတသတ်မင်းနားလည်လက်ခံလာအောင် ဟောကြားတော်မူခဲ့သည်။

ထိုအခါ အဇာတသတ်မင်းသည် မြတ်ဗုဒ္ဓကို အလွန်ပင်ကြည်ညိုသွားကာ ရတနာသုံးပါးကို အသက်ထက်ဆုံးကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ်သတ်မှတ်ပေးပါရန်နှင့် အဖကိုသတ်ခဲ့မိသော အပြစ်ရှိသည့်သား၊ ထိုအပြစ်ကိုနောင်အခါစောင့်စည်းခြင်းငှာအပြစ်ဟု လက်ခံပေးတော်မူပါရန် လျှောက်ထားခဲ့ရာ မြတ်ဗုဒ္ဓက လက်ခံတော်မူခဲ့သည်။ ဆရာအတင်မှားပြီး ဖခင်ကိုသတ်ခဲ့သည့် အယူလွဲ ကံကြီးထိုက်နေသူကို အမြင်မှန်ရအောင် စွမ်းဆောင်လမ်းပြနိုင်သော သာမညဖလသုတ်တော်ကို တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်ဗုဒ္ဓ ဟောကြားတော်မူခဲ့သည်ကို ကြည်ညိုမြတ်နိုး၊ တန်ဖိုးထားပူဇော်သောအားဖြင့် "**သာမညဖလသုတ်အခါတော်နေ့**"အဖြစ် နှစ်စဉ်ပူဇော်ပွဲကျင်းပနေခဲ့ကြပါသည်။

တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ မီးထွန်းပွဲနှင့် သာမညဖလသုတ်အခါတော်နေ့အခမ်းအနား ပွဲလမ်းသဘင်များသာမက စတုဒိသာလှူဒါန်းပွဲ (နိဗ္ဗာန်ဈေးပွဲတော်) ပုံသကူအလှူဒါနပွဲ၊ ဆေးပေါင်းခသည့်ညနှင့် ကျီးမနိုးပွဲဟူ၍လည်း ရှိပါသေးသည်။

**တန်ဆောင်မုန်းလပြည့်နေ့ည၏ ထူးမြတ်မင်္ဂလာခုနစ်ရပ်**

ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အစဉ်အလာ မင်္ဂလာခုနစ်ရပ်ကို တန်ဆောင်မုန်းလပြည့်နေ့ညတွင် အထိမ်းအမှတ်အခါတော် သမယနေ့အဖြစ် ကျင်းပခဲ့ကြရာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

၁။ သီတင်းကျွတ်လပြည့်နေ့မှ ဤလပြည့်နေ့အထိ ကထိန်သင်္ကန်းကပ်လှူကြခြင်း။

၂။ ဤလပြည့်ည၌ တန်ဆောင်တိုင်ဆီမီးများ ထွန်းညှိပူဇော်ကြခြင်း။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားဒိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၈၉၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၈၉၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၇၉၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ မတ်ပဲ ၂၇၉၄ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၈၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ထိကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မတ်ပဲစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲတတ်စေရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့်အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများနှင့် သဘာဝဓာတ်မြေဩဇာ ပြုလုပ်သုံးစွဲတတ်စေရေးနည်းပညာပေးခြင်း စသည်တို့ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

၃။ မိထွေးတော် "မဟာပဇာပတိဂေါတမီ" ၏ သင်္ကန်းရက်လုပ်လှူဒါန်းပုံကို စံပြုအတုယူပြီး ဤလပြည့်ညတွင် မြတ်စွာဘုရားအား မသိုးသင်္ကန်းရက်လုပ်လှူဒါန်းခြင်း၊ ပွဲသကူသင်္ကန်းလှူဒါန်းခြင်း။

၄။ ဤလပြည့်ညတွင် ကြယ်၊ နက္ခတ်၊ တာရာများအစုံအလင်ဆုံးဖြစ်၍ ရှေးအဘိုးအဘွားများက ထိုလပြည့်ညအခါမှာပင် ထက်ဝေဟင်ထွေလာဝေဆာပုံကို လေ့လာစေ့စုမှတ်တမ်းပြုကြကာ သီးနှံပျိုးချိန်၊ စိုက်ချိန်၊ သီးပွင့်ချိန်နှင့် ရိတ်သိမ်းချိန်များကို ကြယ်၊ နက္ခတ်၊ တာရာများနှင့်လျော်ညီစွာ ချိန်ဆနိုင်အောင် သိမှတ်ဖွယ်ရာများကို ထားရစ်ခဲ့ကြခြင်း။

၅။ ကြတ္တိကာနက္ခတ်နှင့်စန်းယှဉ်သော ဤလပြည့်ညတွင် ဆေးပင်အပေါင်းကို စောင့်ကြသောနတ်တို့သည် မဲဇလီပင်စောင့်နတ်မင်းအား လာရောက်ခစားကြရသဖြင့် မဲဇလီပင်၏ အဖူး၊ အညွန့်နှင့် အရွက်တို့ကို ပြုတ်ပြီးသုပ်၍ စားသုံးကြပါက (၉၆)ပါး ဝေဒနာပျောက်ကင်း၊ အသက်ရှည်စေခြင်း၊ ထို့ကြောင့် ဤလပြည့်ညကို "ဆေးပေါင်းခသည့်ည"ဟု သတ်မှတ်ထားကြခြင်း။

၆။ အရိဋ္ဌပြည့်ရှင်၊ ဘုရားလောင်းသိဝိဘုရင်ကြီးသည် စစ်သူကြီးအဘိပါရက၏ ကြင်ယာဇနီး အလှဒေဝီဥမ္မာဒန္တီအားတွေ့မြင်ပြီး မနောအကုသိုလ်ကံကို ကျူးလွန်မိသဖြင့် သတိသံဝေဂ နောင်တကြီးစွာရကာ ဤလပြည့်ညတွင် တောထွက်တော်မူခဲ့ခြင်း။

၇။ ဒေဝဒတ်နှင့်အပေါင်းမှားပြီး ဖခင်ကိုသတ်ခဲ့မိသော အဇာတသတ်မင်းသည် မြတ်စွာဘုရားသီတင်းသုံးတော်မူရာ ဆရာဇီဝက၏ သရက်ဥယျာဉ်သို့ရောက်ရှိခဲ့ပြီး မြတ်ဗုဒ္ဓ၏ သာမညဖလသုတ်တော်ကိုနာယူခဲ့ရာ အမှန်ကိုမြင် နောင်တရသွားကာ ဗုဒ္ဓဘာသာဝင်အဖြစ် သရဏဂုံတည်ခဲ့သည့်အပြင် ပထမသင်္ဂါယနာတင်ဘုရင်အဖြစ် ဗုဒ္ဓတရားတော်များကို ထိန်းသိမ်းလာခဲ့သောကြောင့် သာမညဖလသုတ်တော်၏ ဂုဏ်ကျေးဇူးကို ထာဝရပူဇော်သည့်အနေဖြင့် "သာမညဖလသုတ်အခါတော်နေ့"ဟု သတ်မှတ်ပူဇော်နေကြခြင်း။

ထို့ကြောင့် ရှေးပညာရှိ ကဝိအဆူဆူ စာပေဝိဒူအဆက်ဆက်တို့သည် ဓမ္မကုသိုလ်အထိုထို၏ အကြောင်းများနှင့် မမေ့ပျောက်ကောင်းသည့် သာသနာ့မှတ်တိုင်များ၊ ရှေးဟောင်းမြန်မာမှုဓလေ့အမွေအနှစ်များကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်မြှင့်တင်သွားကြရန်ရည်သန်ပြီး စာပေပုံစံမျိုးစုံဖြင့် မှတ်တမ်းတင်ခဲ့ကြသည်များကို ထပ်ဆင့်မျှဝေပေးလိုက်ရခြင်းဖြစ်ပါသည်။

**ကိုးကား**

- **ဝိသဇ္ဇက(ပဲခူး)၏ မြန်မာ့တစ်ဆယ့်နှစ်လရာသီဘွဲ့**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍**

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

## ဆေးပေါင်းခတဲ့တန်ဆောင်မုန်းလ

- ရာသီဖြိုးစွာ ကြတ္တိကာထွန်း
  မိုးယွန်းလို့ဆောင်းအဝင် လှပေ့အစဉ်၊
  စုဋ္ဌာမဏိထက်ကောင်းကင်
  စိတ်ထဲမြင်ရည်ရော်ဖူး၊
  ပူဇော်ကာနှစ်စဉ်မပျက်
  လှမ်းတက်လို့ထူး။

- လပြည့်ညတန်ဆောင်မုန်း
  ရွှင်ပြုံးကြများသူငါ၊
  ကောင်းကင်မှာကြယ်စုံပြည့်
  ချမ်းမြေ့သာယာ၊
  ဆေးပေါင်းခတဲ့သည်ချိန်ခါ
  ဘေးဘယာဝေးကွာလို့၊
  မြတ်ဘုရားမှာ မသိုးသင်္ကန်း
  ရည်မှန်းလှူစို့။

- ဘုရင်မှာ အဇာတသတ်
  အဖသတ်သူ့ဖြစ်အင်
  ဒေဝဒတ်ကိုဆရာတင်မှား
  ဆိုးရွားလို့ပင်၊
  တစ်နေ့သောအခါတွင်
  စိတ်မကြည်လင်သောကရောက်၊
  ဘုရားရှင်တရားဆေး
  တိုက်ကျွေးပပျောက်။

- ဆောင်းအဝင်မိုးအထွက်
  ပြိုးပြိုးပြက်ရစ်ခွင်ဆီ၊
  ဆီမီးရှိန်ထိန်ထိန်ဝင်း
  ပွင့်လင်းရာသီ၊
  သာမညဖလအခါညီ
  ဟောကြားပြီမြတ်တရား၊
  သာသနာဝင်ရှင်ရဟန်းတို့
  ရွှင်လန်းစိတ်ထား။ ။

**ဘိုမျိုး(ရွှေဘို)**

## နိုင်ငံတကာ သတင်းများ

# လီမာမြို့ အေပက်ထိပ်သီးညီလာခံကာလ၌ အမေရိကန်သမ္မတနှင့် တရုတ်သမ္မတတို့ တွေ့ဆုံမည်



**ဝါရှင်တန် နိုဝင်ဘာ ၁၄**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် နိုဝင်ဘာ ၁၆ ရက်တွင် ပီရူးနိုင်ငံ လီမာမြို့၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက နိုဝင်ဘာ ၁၃ ရက်၌ သတင်းထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အနေဖြင့် လီမာမြို့၌ ကျင်းပမည့် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးညီလာခံကာလ၌ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် သီးခြားတွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်အရ သိရသည်။

နိုဝင်ဘာ ၁၆ ရက် ထိပ်သီးဆွေးနွေးပွဲတွင် သမ္မတဂျိုးဘိုင်ဒင်နှင့် သမ္မတ ရှီကျင့်ဖျင်တို့အနေဖြင့် တရုတ်-အမေရိကန်နှစ်နိုင်ငံဆက်ဆံရေးပြဿနာများအပြင် နိုင်ငံတကာပြဿနာများကိုကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြဖွယ်ရှိကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

နိုဝင်ဘာ ၁၆ ရက် ဆွေးနွေးပွဲသည် သမ္မတဂျိုးဘိုင်ဒင်အတွက် အမေရိကန်သမ္မတတစ်ဦးအဖြစ် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် နောက်ဆုံးအကြိမ်တွေ့ဆုံဆွေးနွေးမှုဖြစ်ဖွယ်ရှိသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၅ ရက်တွင် ကျင်းပခဲ့သည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် တရုတ်နိုင်ငံအပေါ် သဘောထားတင်းမာသည့် ရီပတ်ဘလီကန်ပါတီသမ္မတလောင်း ဒေါ်နယ်ထရန့်က အနိုင်ရရှိထားသည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ယခုနှစ်ဧပြီလတွင် နောက်ဆုံးတစ်ကြိမ်အဖြစ် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# သမ္မတဂျိုးဘိုင်ဒင်နှင့် ဒေါ်နယ်ထရန့်တို့ အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေး



**ဝါရှင်တန် နိုဝင်ဘာ ၁၄**

လက်ရှိ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် နိုဝင်ဘာ ၅ ရက် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိထားသည့် ရီပတ်ဘလီကန်ပါတီ သမ္မတ ဒေါ်နယ်ထရန့်တို့သည် နိုဝင်ဘာ ၁၃ရက်တွင် အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၁၃ရက် အိမ်ဖြူတော်ဆွေးနွေးပွဲတွင် သမ္မတဂျိုးဘိုင်ဒင်နှင့် ရွေးကောက်ပွဲအနိုင်ရသမ္မတလောင်း ဒေါ်နယ်ထရန့်တို့သည် အရှေ့အလယ်ပိုင်းဒေသပြဿနာနှင့် ယူကရိန်းပြဿနာများကို ဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါဆွေးနွေးပွဲသည် မူဝါဒရေးရာအရ အမြင်ကွဲပြားသော်လည်း နိုင်ငံရေးအာဏာလွှဲပြောင်းမှုဖြစ်စဉ် ချောမွေ့ရေးအတွက် ရည်ရွယ်ကျင်းပသည့်ဆွေးနွေးပွဲဖြစ်သည်။

သမ္မတဂျိုးဘိုင်ဒင်နှင့် ဒေါ်နယ်ထရန့်တို့၏ အိမ်ဖြူတော်ဆွေးနွေးပွဲမှာ နှစ်နာရီခန့်ကြာမြင့်ခဲ့ကြောင်း အိမ်ဖြူတော် တာဝန်ရှိသူများက ပြောကြားထားသည်။

ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်သည် နိုဝင်ဘာ ၅ ရက်အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီသမ္မတလောင်း လက်ရှိအမေရိကန်ဒုတိယသမ္မတ ကာမာလာဟားရစ်ကို အနိုင်ရရှိခဲ့သည်။

ရွေးကောက်ပွဲရလဒ်အရ အနိုင်ရသမ္မတလောင်း ဒေါ်နယ်ထရန့်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုရမည် ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# လာမည့်နှစ်တွင် ကောလိပ်ဘွဲ့ရကျောင်းသား ၁၂ ဒသမ ၂၂သန်းထိ မွေးထုတ်ပေးနိုင်ရန် တရုတ်နိုင်ငံ ရည်မှန်းထား

**ပေကျင်း နိုဝင်ဘာ ၁၄**

တရုတ်နိုင်ငံအနေဖြင့် လာမည့်နှစ်အတွင်းကောလိပ်ဘွဲ့ရကျောင်းသား၁၂ဒသမ၂၂သန်းထိ မွေးထုတ်ပေးနိုင်ရန် ရည်မှန်းထားကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ကောလိပ်ဘွဲ့ရကျောင်းသား၊ ကျောင်းသူအရေအတွက်ကို ယခုနှစ်ထက် ၄၃၀၀၀၀ထိ ပို၍ မွေးထုတ်နိုင်ရန် ရည်ရွယ်ထားကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးနေချိန်တွင် ကောလိပ်ဘွဲ့ရကျောင်းသားအရေအတွက် မြင့်တက်လာမှုကြောင့် ဘွဲ့ရလူငယ်များအနေဖြင့် အလုပ်အကိုင်ရှာဖွေရန် ပိုမိုခက်ခဲလာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

ယခုနှစ်တွင် တရုတ်နိုင်ငံ၌ ကောလိပ်ဘွဲ့ယူမည့် ကျောင်းသား၊ ကျောင်းသူအရေအတွက်မှာ ၁၁ ဒသမ ၈ သန်းထိရှိသည်။

တရုတ်အစိုးရအနေဖြင့် ယခုနှစ်အတွင်း မြို့ပြအလုပ်အကိုင်နေရာသစ်၁၂သန်းကျော်ထိ ဖန်တီးပေးနိုင်ရန် ရည်ရွယ်ထားသည်။

သို့ရာတွင် ကမ္ဘာ့စီးပွားရေးအင်အား ဒုတိယအကြီးဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးနေချိန်တွင် အလုပ်အကိုင် အခွင့်အလမ်းများကျဉ်းမြောင်းလာမည့် အရေးကို အလုပ်အကိုင်ရှာသူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဘရာဇီးတရားလွှတ်တော်ချုပ် အဆောက်အအုံရှေ့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

**ဘရာဇီးလီးယား နိုဝင်ဘာ ၁၄**

ဘရာဇီးလီးယားမြို့ ဘရာဇီးတရားလွှတ်တော်ချုပ် အဆောက်အအုံအတွင်းသို့ ဝင်ရောက်ရန် နိုဝင်ဘာ ၁၃ ရက်တွင် ကြိုးပမ်းခဲ့သည့် အမျိုးသားတစ်ဦးသည် ၎င်းနှင့်အတူ တစ်ပါတည်းပါလာဖွယ်ရှိသော ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရကြောင်း သိရသည်။

ရီယိုဒီဂျနေရိုးမြို့၌ ကမ္ဘာ့ခေါင်းဆောင်အများအပြားတက်ရောက်မည့် ဂျီ-၂၀ ထိပ်သီးညီလာခံ မကျင်းပမီ ဘရာဇီးတရားလွှတ်တော်ချုပ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၁၃ရက်တွင် ဘရာဇီးတရားလွှတ်တော်ချုပ်အနီး ကားရပ်နားကွင်း၌ ပထမဆုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဒုတိယပေါက်ကွဲမှုမှာ တရားလွှတ်တော်ချုပ် အဆောက်အအုံရှေ့တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဒုတိယပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့်နေရာတွင် ဗုံးခွဲရန်ကြံစည်သူအဖြစ် ယူဆရသည့် အမျိုးသားတစ်ဦး၏ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဘရာဇီးလီးယားမြို့ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

၎င်းအမျိုးသားသည် တရားလွှတ်တော်ချုပ်အဆောက်အအုံတွင်းသို့ဝင်ရောက်ရန် ကြိုးပမ်းစဉ် ၎င်းသယ်ယူလာသည့် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က ယူဆထားသည်။

ဘရာဇီးနိုင်ငံသည် ဂျီ-၂၀ အုပ်စုဝင်နိုင်ငံများမှ အကြီးအကဲများ၏ ထိပ်သီးညီလာခံကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိ ရီယိုဒီဂျနေရိုးမြို့၌ လက်ခံကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# စကားဘိုရိုရေမြုပ်သဲသောင်နယ်မြေ၌ ဝေဟင်ရေပြင်စစ်ရေးလေ့ကျင့်မှု တရုတ်နိုင်ငံပြုလုပ်




**ပေကျင်း နိုဝင်ဘာ ၁၄**

တောင်တရုတ်ပင်လယ်ဒေသရှိ ပိုင်ဆိုင်ခွင့်အငြင်းပွားရေပြင်ဒေသတစ်ခုဖြစ်သော စကားဘိုရိုရေမြုပ်သဲသောင်နယ်မြေ၌ တရုတ်နိုင်ငံက ဝေဟင်ရေပြင်တိုက်ပွဲဝင် စစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာ ၁၃ ရက်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါရေမြုပ်သဲသောင်နယ်မြေသည် ဖိလစ်ပိုင်နိုင်ငံထံမှ တရုတ်နိုင်ငံ သိမ်းယူထိန်းချုပ်ထားသော တောင်တရုတ်ပင်လယ်ပိုင်ဆိုင်ခွင့်အငြင်းပွားနယ်မြေတစ်ခုဖြစ်သည်။

စကားဘိုရိုရေမြုပ်သဲသောင်နယ်မြေ၏ အခြေခံရေစစ်မျဉ်းသတ်မှတ်ချက်ကို တရုတ်အစိုးရက ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ယင်းနယ်မြေအတွင်း တရုတ်တပ်မတော်က ဝေဟင်ရေပြင်တိုက်ပွဲဝင်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် စကားဘိုရိုရေမြုပ် သဲသောင်နယ်မြေ၏ အခြေခံရေစစ်မျဉ်းသတ်မှတ်ချက်ကို နိုဝင်ဘာ ၁၀ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ရေပြင်ပိုင်နက်နှင့် အထူးစီးပွားရေးဇုန်တို့ကိုသတ်မှတ်ရာတွင် ကမ်းရိုးတန်းအခြေခံ ရေစစ်မျဉ်းမှတစ်ဆင့်တိုင်းတာလေ့ရှိသည်။

တရုတ်နှင့် ဖိလစ်ပိုင်တို့သည် စကားဘိုရို ရေမြုပ်သဲသောင်နယ်မြေအပြင် အခြားတောင်တရုတ်ပင်လယ် နယ်မြေအချို့အတွက်လည်း ပိုင်ဆိုင်ခွင့်အငြင်းပွားလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအစင်း ၂၀ ကို ထပ်မံလွှတ်တင်ရန် Space-X အာကာသနည်းပညာကုမ္ပဏီက စီစဉ်ထား



ဝါရှင်တန် နိုဝင်ဘာ ၁၄

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် နိုဝင်ဘာ ၁၅ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အစင်း ၂၀ ကို ထပ်မံလွှတ်တင်ရန် စီစဉ်ထားကြောင်း နိုဝင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အဆိုပါစတားလင့်ခ်ဂြိုဟ်တုများကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်သည်။

နိုဝင်ဘာ ၁၅ ရက်တွင် လွှတ်တင်မည့် စတားလင့်ခ်ဂြိုဟ်တုများထဲတွင် မိုဘိုင်းဖုန်းများကို အင်တာနက်ဝန်ဆောင်မှုတိုက်ရိုက်ပေးနိုင်သော ဂြိုဟ်တု ၁၃ စင်းလည်း ပါဝင်မည်ဖြစ်သည်။

Space-X ကုမ္ပဏီသည်စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် စတားလင့်ခ်ဂြိုဟ်တု အစင်း ၇၀၀၀ ကျော် လွှတ်တင်ထားပြီး ၆၅၀၀ ကျော်မှာ လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်ကို စတားလင့်ခ်ဂြိုဟ်တုအစင်းရေ ၁၂၀၀၀ ဖြင့် တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## တီယန်ကောင်းအာကာသစခန်းအတွက် ကုန်စည်များသယ်ယူပို့ဆောင်ပေးမည့် ကုန်တင်လွန်းပြန်ယာဉ်သစ်၏ဒီဇိုင်းပုံစံကို တရုတ်နိုင်ငံက ထုတ်ဖော်ပြသ

ပေကျင်း နိုဝင်ဘာ ၁၄

တီယန်ကောင်း အာကာသစခန်းအတွက် ကုန်စည်များသယ်ယူပို့ဆောင်ပေးမည့် ကုန်တင်လွန်းပြန်ယာဉ်သစ်၏ ဒီဇိုင်းပုံစံကို တရုတ်နိုင်ငံက ထုတ်ဖော်ပြသခဲ့ကြောင်း နိုဝင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်မည့် ဟောင်လောင်းအမည်ရှိ အဆိုပါကုန်တင်လွန်းပြန်ယာဉ်ကို တရုတ်အစိုးရ အာကာသနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် ချန်ဒူးလေယာဉ်ဒီဇိုင်းနှင့် သုတေသနအင်စတီကျူက တည်ဆောက်လျက်ရှိသည်။

ဟောင်လောင်း အာကာသကုန်တင် လွန်းပြန်ယာဉ်သည် လွှတ်တင်ချိန်တွင် ဒုံးပျံတစ်စင်းပေါ်တင်ဆောင် လွှတ်တင်ရမည်ဖြစ်သော်လည်း ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်ချိန်တွင် ပြေးလမ်းပေါ်သို့ ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။



တရုတ်နိုင်ငံသည် လက်ရှိအချိန်တွင် တီယန်ကောင်း အာကာသစခန်းသို့ ကုန်စည်များ သယ်ယူပို့ဆောင်ရေးအတွက် တီယန်ကျိုးအမျိုးအစား တစ်ခါသုံး အာကာသကုန်တင်ယာဉ်များကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ဟောင်လောင်း အာကာသကုန်တင် လွန်းပြန်ယာဉ်သည် အရွယ်အစားအားဖြင့် အလျား ၁၀ မီတာ၊ အနံ ရှစ်မီတာရှိပြီး အလေးချိန်မှာ တီယန်ကျိုး အာကာသကုန်တင်ယာဉ်၏ ထက်ဝက်သာရှိလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဟောင်လောင်း အာကာသကုန်တင် လွန်းပြန်ယာဉ်သည် တီယန်ကောင်း အာကာသစခန်း၏ ထောက်ပို့လုပ်ငန်းအတွက် အခြေခံ အာကာသကုန်တင်ယာဉ် ဖြစ်လာလိမ့်မည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ကမ္ဘာမြေ၏ဂြိုဟ်ရံလက အခြားတစ်နေရာတွင် စတင်ပေါ်ထွက်ခဲ့ပြီးနောက် ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအားအောက်သို့ရောက်ခဲ့ရသည့် အာကာသဒြပ်ထည်တစ်ခုဖြစ်နိုင်

ဝါရှင်တန် နိုဝင်ဘာ ၁၄

ကမ္ဘာမြေ၏ ဂြိုဟ်ရံလသည် အခြားတစ်နေရာတွင် စတင်ပေါ်ထွက်ခဲ့ပြီးနောက် ကမ္ဘာဂြိုဟ်၏ ဒြပ်ဆွဲအားအောက်သို့ ရောက်ခဲ့ရသည့် အာကာသဒြပ်ထည်တစ်ခု ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အထက်ပါ သီအိုရီသစ်သည် ဂြိုဟ်ရံလပေါ်ထွက်လာမှုနှင့်ပတ်သက်၍ လက်ရှိလက်ခံထားသည့် သီအိုရီနှင့်ဆန့်ကျင်လျက်ရှိသည်။

နေအဖွဲ့အစည်း၏ သမိုင်းဦးကာလ၌ ကမ္ဘာဂြိုဟ်နှင့် သီရာအမည်ရှိ ဂြိုဟ်တစ်စင်းဝင်တိုက်မှုကြောင့် ဂြိုဟ်ရံလပေါ်ထွက်လာခဲ့ရကြောင်း နိုင်ငံတကာ သိပ္ပံပညာရှင်များက ကာလကြာမြင့်စွာကပင် လက်ခံယုံကြည်ခဲ့ကြသည်။

သို့ရာတွင် ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ သီအိုရီသစ်အရ လသည် တစ်စင်းနှင့်တစ်စင်း လှည့်ပတ်နေသည့် နှစ်စင်းတွဲ အာကာသဒြပ်ထည်စနစ်တစ်ခု၏ အစိတ်အပိုင်းအဖြစ် စတင်ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိရသည်။

အဆိုပါနှစ်စင်းတွဲ အာကာသဒြပ်ထည်စနစ်သည် ကမ္ဘာမြေကို အနီးကပ်ဖြတ်ကျော်စဉ် ဂြိုဟ်ရံလဖြစ်လာမည့် အာကာသဒြပ်ထည်သည် ကမ္ဘာ၏ဒြပ်ဆွဲအားနယ်ပယ်အတွင်းသို့ ကျရောက်လာခဲ့ခြင်းဖြစ်နိုင်ကြောင်း ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

သီရာဂြိုဟ်နှင့် ကမ္ဘာဂြိုဟ်တို့ ဝင်တိုက်ပြီးနောက် ဂြိုဟ်ရံလပေါ်ထွက်လာရခြင်းဖြစ်သည်ဆိုသော အယူအဆကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ၁၉၈၂ ခုနှစ်ကပင် အတည်ပြုထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## ဗီတာမင်-ဒီဆေးက အဝလွန်သက်ကြီးပိုင်းများ၏ သွေးဖိအားအဆင့်ကို လျှော့ချပေးနိုင်

ဘေရွတ် နိုဝင်ဘာ ၁၄

ဗီတာမင်-ဒီ အားဖြည့်ဆေးသည် အဝလွန်နေသော သက်ကြီးပိုင်းများ၏ သွေးဖိအားအဆင့်ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဗီတာမင်-ဒီ အားဖြည့်ဆေးသုံးစွဲမှုသည် အဝလွန်နေသော သက်ကြီးပိုင်းများ၏ သွေးဖိအားအဆင့်ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း လက်ဘနွန်နိုင်ငံ အမေရိကန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

လက်ဘနွန် သုတေသနပညာရှင်များသည် ဗီတာမင်-ဒီ အားဖြည့်ဆေးကို နေ့စဉ် ၆၀၀ IU မှ ၃၇၅၀ IU ထိ တစ်နှစ်ကြာ သုံးစွဲခဲ့သူ အဝလွန်သက်ကြီးပိုင်း ၂၂၁ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဗီတာမင်-ဒီ အားဖြည့်ဆေးသည် လူနာများ၏ သွေးဖိအားအဆင့်ကို လျှော့ချပေးနိုင်သည်ကိုတွေ့ရကြောင်း လက်ဘနွန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဆေးပညာရှင်များ သတ်မှတ်ပေးထားသည့် ပမာဏထက်ပို၍ ဗီတာမင်-ဒီကို စားသုံးပါက အကျိုးထူးထပ်မရှိသည်ကို ဆေးပညာရှင်များက သတိပေးထားကြောင်း သိရသည်။

ဗီတာမင်-ဒီ ဓာတ် ချို့တဲ့မှုကြောင့် သွေးဖိအားပုံမှန်ထက် မြင့်တက်လာနိုင်ခြေ ရှိလာတတ်ကြောင်း ဆေးပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ပန်းနာရင်ကျပ်ရောဂါက ကလေးများ၏ မှတ်ဉာဏ်ပိုင်းဆိုင်ရာပြဿနာနှင့် ဆက်စပ်နေ

နယူးယောက် နိုဝင်ဘာ ၁၄

ပန်းနာရင်ကျပ်ရောဂါသည် ကလေးများ၏ မှတ်ဉာဏ်ပိုင်းဆိုင်ရာ ပြဿနာများနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပန်းနာရင်ကျပ်ရောဂါကြောင့် ကလေးများတွင်ရှိနေနိုင်သည့် မှတ်ဉာဏ်ပိုင်းဆိုင်ရာ ပြဿနာများပိုဆိုးလာနိုင်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ပန်းနာရင်ကျပ်ရောဂါကို ကလေးများတွင် ဖြစ်ပွားနိုင်သည့် မှတ်ဉာဏ်ပြဿနာများ၏ အကြောင်းတရား တစ်ရပ်အဖြစ် မှတ်ယူရန်လိုကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပန်းနာရင်ကျပ်ရောဂါရှိသည့်အသက် ကိုးနှစ်နှင့်၁၀နှစ်ကြား ကလေး ၂၀၀၀ ကျော်တို့၏ ကျန်းမာရေး အချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ပန်းနာရင်ကျပ်ရောဂါရှိသည့် ကလေးများသည် မှတ်ဉာဏ်စမ်းသပ်မှုများ၌ ပန်းနာရင်ကျပ်မရှိသူ သက်တူရွယ်တူများထက် ပို၍ရလဒ်ဆိုးရွားနေတတ်သည်ကိုတွေ့ရကြောင်း သိရသည်။

အထူးသဖြင့် ပန်းနာရင်ကျပ် လူနာကလေးများသည် အတွေ့အကြုံနှင့် စိတ်ခံစားမှုဆိုင်ရာ မှတ်ဉာဏ်ပိုင်း စစ်ဆေးမှုများတွင် ရလဒ် ဆိုးရွားနေတတ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**






## မူရီလိုကို ဘာစီလိုနာနှင့် ရီးရဲလ်မက်ဒရစ်တို့က အပြိုင်ခေါ်ယူရန် ကြိုးပမ်း

**လန်ဒန် နိုဝင်ဘာ ၁၄**

နော်တင်ဟမ်အသင်း ခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ခံစစ်ကစားသမား မူရီလိုကို ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က ဇန်နဝါရီအပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမည့်စာရင်းတွင် ထည့်သွင်းခဲ့ပြီး အပြိုင်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

အသက် ၂၂ နှစ်ရှိ မူရီလိုသည် ယခုနှစ်ဘောလုံးရာသီ နည်းပြဆန်းတို့စ်လက်အောက်တွင် ခံစစ်ပိုင်းကို အဓိကဦးဆောင်နေသူဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲ ၁၁ ပွဲကစားခဲ့ရာတွင် အသင်းကိုဂိုးမပေးရသည့်ပွဲစဉ်လေးပွဲထိရရှိအောင် ကူညီနိုင်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင် အသင်းကို အဆင့်(၅)နေရာသို့ ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခဲ့သည်။

လက်ရှိတွင် ခံစစ်ပိုင်းပြဿနာကြုံတွေ့နေသည့် ရီးရဲလ်မက်ဒရစ်အသင်းက မီလီတာအိုနှင့် အလာဘာတို့နေရာတွင် ခံစစ်ပိုင်းအတွက်ကာလတိုဖြေရှင်းနိုင်ရန် ကြိုးပမ်းနေချိန်တွင် မူရီလိုသည် ရီးရဲလ်မက်ဒရစ်အသင်းအတွက် လိုအပ်သည့် ကစားသမားတစ်ဦးဖြစ်ခဲ့ပြီး ဘာစီလိုနာအသင်းကလည်း ဗဟိုခံစစ်ပိုင်းတွင် အာရှူဂျို၊ ခရစ်စတန်ဆန်နှင့် ဂါစီယာတို့ဒဏ်ရာပြဿနာရှိနေသည့်အတွက် မူရီလိုနှင့်အစားထိုးရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

မူရီလိုသည် ၂၀၂၃ ခုနှစ်က ဘရာဇီးကလပ် ကိုရင်သီယမ်အသင်းမှ နော်တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အသင်းနှင့် ပထမဆုံး ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၆ ပွဲ ပါဝင်ကစားခွင့်ရခဲ့ရာ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ဗဟိုခံစစ်ပိုင်း၌ အဓိက ကစားသမားဖြစ်လာခဲ့ပြီး ဥရောပထိပ်သီးကလပ်များ၏ စိတ်ဝင်စားမှုကို ခံခဲ့ရကြောင်း သိရသည်။

Ref : 90min
Trs : ML



### အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းသည် ကာလရှည်အနားယူရမည့် ခံစစ်ကစားသမား မီလီတာအိုနေရာတွင် ချက်ချင်းအစားထိုးနိုင်မည့် ခံစစ်ကစားသမား လာပေါ်တီကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင်ခေါ်ယူနိုင်ရန် သဘောတူညီမှုရခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား ပေါ်ဟင်ဟာသည် ပေါ်တူဂီအသင်းနှင့်ပူးပေါင်းစဉ် ဒဏ်ရာရရှိခဲ့သဖြင့် သုံးပတ်ခန့်အနားယူရမည်ဖြစ်သောကြောင့် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ကစားမည့် ပေါ်တူဂီအသင်းလူစာရင်းမှ နုတ်ထွက်ခဲ့သည်။
- လက်စတာအသင်းနှင့် ပွဲစဉ်တွင်ရရှိခဲ့သည့် တင်ပါးဒဏ်ရာကြောင့် ခံစစ်ကစားသမား မာတီနက်ဇ်ကို အာဂျင်တီးနားအသင်း လူစာရင်းမှထုတ်ပယ်၍ မန်ယူအသင်းသို့ ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။
- ယခုနှစ်ဘောလုံးရာသီကုန်တွင် လေဗာကူဆင်အသင်းမှ နည်းပြအလွန်ဆိုထွက်ခွာမည်ဟု စပိန်သတင်းစာများက ဖော်ပြခဲ့သည်။

ML

## ယခုနှစ်ဘောလုံးရာသီ ဥရောပရွှေဖိနပ်ဆုအတွက် လီဝမ်ဒေါစကီး ထိပ်ဆုံးမှဆက်လက်ဦးဆောင်



**ဘာစီလိုနာ နိုဝင်ဘာ ၁၄**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဥရောပရွှေဖိနပ်ဆုအတွက် ဂိုးသွင်းအများဆုံး ကစားသမားစာရင်း၌ ဘာစီလိုနာအသင်း တိုက်စစ်မှူး လီဝမ်ဒေါစကီးက သွင်းဂိုး ၁၄ ဂိုးဖြင့် ထိပ်ဆုံးမှဆက်လက်ဦးဆောင်နေကြောင်း သိရသည်။

လီဝမ်ဒေါစကီးသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲ ၁၂ ပွဲတွင် ကိုးပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး၁၄ဂိုးထိသွင်းယူနိုင်ခဲ့သောကြောင့် မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းကို ဖြတ်ကျော်ကာ ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

လက်ရှိဥရောပထိပ်သီးကလပ်ငါးခုမှ ဂိုးသွင်းအများဆုံးကစားသမားစာရင်းတွင် တိုက်စစ်မှူး လီဝမ်ဒေါစကီးက သွင်းဂိုး ၁၄ ဂိုးဖြင့် အဆင့်(၁)၊ မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းက သွင်းဂိုး ၁၂ ဂိုးဖြင့် အဆင့်(၂)၊ ဖရန့်ဖတ်အသင်းတိုက်စစ်မှူး မာမောက်နှင့် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်း၊အတ္တလန်တာအသင်း တိုက်စစ်မှူး ရီတီဂွီတို့က သွင်းဂိုး ၁၁ ဂိုးစီဖြင့် အဆင့်(၃)၊ ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး ဘာကိုလာက သွင်းဂိုး ၁၀ ဂိုးဖြင့် အဆင့်(၆)၊ ဘရန့်ဖို့ဒ်အသင်းတိုက်စစ်မှူး မီအူမိုနှင့် မာဆေးအသင်း တိုက်စစ်မှူး ဂရင်းဝုဒ်တို့က ရှစ်ဂိုးစီဖြင့် အဆင့်(၇) နေရာတွင် ရပ်တည်လျက်ရှိသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ဥရောပရွှေဖိနပ်ဆုအတွက်တိုက်စစ်မှူး ဟယ်ရီကိန်းနှင့် ဟာလန်းတို့ယှဉ်ပြိုင်ခဲ့ရသော်လည်း ဟယ်ရီကိန်းက သွင်းဂိုး ၃၆ ဂိုးဖြင့် ရွှေဖိနပ်ဆုရယူနိုင်ခဲ့ပြီး တိုက်စစ်မှူး ဟာလန်းက သွင်းဂိုး ၂၇ ဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။

Ref : Goal.com
Trs : ML

## ခံစစ်ကစားသမား ဘန်ဂိုက် အသေးစားခွဲစိတ်ကုသမှုကြောင့် ရှစ်ပတ်ခန့် အနားယူရမည်ဟု အာဆင်နယ်အသင်း ထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၁၄**

အာဆင်နယ်အသင်း ခံစစ်ကစားသမား ဘန်ဂိုက်သည် ဒူးဒဏ်ရာအသေးစားခွဲစိတ်ကုသမှုခံယူခဲ့ရသောကြောင့် ရက်သတ္တ ရှစ်ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းက ထုတ်ပြန်ခဲ့သည်။

ဘန်ဂိုက်သည် ဒူးဒဏ်ရာကြောင့် ပြီးခဲ့သည့်လက ကစားခဲ့သည့် လက်စတာအသင်း၊ ဆောက်သမ်တန်အသင်းနှင့် အမှတ်ပေးပွဲစဉ်အပါအဝင် ပီအက်စ်ဂျီအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တို့ကို လွဲချော်ခဲ့ပြီးနောက် နယူးကာဆယ်အသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် အရန်ကစားသမားအဖြစ် ပါဝင်လာခဲ့ပြီးနောက် ချဲလ်ဆီးအသင်းကို သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်နှင့် အင်တာမီလန်အသင်းကို ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တို့တွင် အသင်းနှင့် ပွဲချိန်ပြည့် ပါဝင်ကစားပေးခဲ့ချိန်တွင် ဒဏ်ရာနာကျင်မှုရှိလာသောကြောင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဒဏ်ရာကိုစစ်ဆေးမှုပြုလုပ်၍ ခွဲစိတ်ကုသမှုခံယူရန် ဆုံးဖြတ်ခဲ့သည်။

၎င်းအနေဖြင့် ဒူးဒဏ်ရာအသေးစားခွဲစိတ်ခဲ့ရသော်လည်း ရှစ်ပတ်ခန့်အနားယူရမည်ဖြစ်သောကြောင့် ဒီဇင်ဘာလကုန်မှ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။

အာဆင်နယ် အသင်းသည် အသင်းမှ ခံစစ်ကစားသမားများဖြစ်သည့် ကာလာဖီအိုရီ၊ တိုမီယာဆုနှင့် တီယာနေးတို့ကိုလည်း ဒဏ်ရာကြောင့် လက်လွှတ်ခဲ့ရသဖြင့် ပြီးခဲ့သည့်အမှတ်ပေးပြိုင်ပွဲလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ရပြီး ကွင်းလယ်ကစားသမား ဒီကလန်ရိုက်နှင့် ဆာကာတို့သည်လည်း ဒဏ်ရာကြောင့် အနားယူခဲ့ရကာ ပြီးခဲ့သည့် ချဲလ်ဆီးအသင်းနှင့် အမှတ်ပေးပွဲစဉ်မှသာ အသင်းအတွက်ပါဝင်ကစားပေးနိုင်ခဲ့သည်။

လက်ရှိတွင် နည်းပြအာတီတာက နိုင်ငံတကာပြိုင်ပွဲကာလပြီးဆုံးပါက နိုဝင်ဘာ ၂၃ ရက်တွင် ကစားရမည့် နော်တင်ဟမ်အသင်းနှင့် ပွဲစဉ်တွင် ဒဏ်ရာရနေသည့်အဓိက ကစားသမားများ ပြန်လည်ပါဝင်နိုင်ရန်မျှော်လင့်ထားပြီး ရလဒ်ကောင်းရယူနိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

Ref : Goal.com
Trs : ML

## NSW Open ပြိုင်ပွဲပထမနေ့တွင် ကင်မရွန်းစမစ် အမှတ်ပေးဇယားကိုဦးဆောင်

**နယူးဆောက်ဝေး နိုဝင်ဘာ ၁၄**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် ကျင်းပနေသည့်NSW Openဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဩစတြေးလျအဆင့်(၁) ဂေါက်သီးရိုက် ကစားသမား ကင်မရွန်းစမစ်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နိုင်ငံတည်းသား ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဟာဘက်၊ မာတင်၊ ပေ့ချ်နေတန်၊ ဝုဒ်ခရစ္စတိုဖာတို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမားအများစုသာ ပါဝင်ယှဉ်ပြိုင်လေ့ရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး ပြိုင်ပွဲဝင် ၁၄၄ ဦးအနက် ဩစတြေးလျနိုင်ငံသားမဟုတ်သူ ခုနစ်ဦးသာပါဝင်ပြီး ကင်မရွန်းစမစ်သည် အောင်မြင်မှုများနှင့် ၁၅ လကြာဝေးကွာနေသည့်အခြေအနေမှ ရုန်းထွက်နိုင်ရေး၊ NSW Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင်အောင်မြင်မှုရယူနိုင်ရေးအတွက် ပြိုင်ပွဲဝင်ခဲ့ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည့်အတိုင်း ပထမနေ့၌ ချန်ပီယံလက်စွမ်းမျိုးပြသနိုင်ခဲ့သည်။




ကင်မရွန်းစမစ်က "ပထမနေ့မှာ Tee ရိုက်ချက်တော်တော်များများက Greenways ပေါ်ကို ရောက်ခဲ့ပါတယ်။ အခက်အခဲတချို့ရှိခဲ့ပေမဲ့ အကောင်းဆုံးကစားနိုင်ခဲ့တယ်။ အခွင့်အရေးကောင်းတွေလဲ အများကြီးဖန်တီးနိုင်ခဲ့တယ်။ ဖန်တီးနိုင်ခဲ့တဲ့အခွင့်အရေးတွေကိုလဲ အကောင်းဆုံးအသုံးချနိုင်ခဲ့ပါတယ်။ ပြိုင်ပွဲမှာအောင်မြင်မှုလိုချင်တယ်ဆိုရင်တော့ ရလာတဲ့ အခွင့်အရေးတိုင်းကို အကောင်းဆုံးအသုံးချနိုင်ဖို့လိုအပ်ပါလိမ့်မယ်။ ဒါကြောင့် ရလာတဲ့ အခွင့်အရေးတိုင်းကိုအကောင်းဆုံး အသုံးချနိုင်အောင် သေချာအာရုံစိုက်နိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ကင်မရွန်းစမစ်သည် ကာလရှည်လက်တွဲခဲ့ဖူးသည့် ကက်ဒီနှင့် ပြန်လည် လက်တွဲအလုပ်လုပ်ခဲ့ပြီး ပထမနေ့တွင် ကက်ဒီဖြစ်သူ၏ အကြံပြုချက်များသည် ရလဒ်ကောင်းရရှိစေသည့် အဓိက အကြောင်းအရင်းလည်း ဖြစ်သည်ဟုကင်မရွန်းစမစ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL

# အရှေ့အာရှရေပိုင်နက်များတွင် စစ်ရေးအင်အားတိုးချဲ့လာသော အင်အားကြီးနိုင်ငံများ

အမေရိကန်နှင့် တရုတ်တို့အပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် အရှေ့အာရှရေပိုင်နက်များတွင် စစ်ရေးအင်အားချဲ့ထွင်လာလျက်ရှိရာ ရုရှားနိုင်ငံသည်ပင်လျှင် မကြာသေးမီ အချိန်အတွင်းက အနောက်ပစိဖိတ်နှင့် အရှေ့တောင်အာရှတစ်ဝန်းတွင် အကြီးစားစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခဲ့သည်။ ကမ္ဘာကြီး၏ အာရုံစိုက်မှုသည် အရှေ့အလယ်ပိုင်းဒေသ၌ အလေးထားလျက်ရှိစဉ် မဟာအင်အားကြီးနိုင်ငံများသည် အာရှဒေသတွင် ပဋိပက္ခ အစပျိုးရန် ဦးတည်လုပ်ဆောင်လာလျက်ရှိသည်။

လွန်ခဲ့သော သီတင်းပတ်အတွင်း အမေရိကန်ဖျက်သင်္ဘော USS Dewey(DDG-105)နှင့် တော်ဝင်ဩစတြေးလျရေတပ်မှ ဖရီးဂိတ်သင်္ဘော HMAS Stuart(FFH153) တို့သည် မလက္ကာရေလက်ကြားတွင် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ရာ ပင်လယ်ရေကြောင်းဆိုင်ရာ အရေးပါသည့်နေရာ၌ ပူးတွဲစစ်အင်အားပြသခဲ့ခြင်းဖြစ်သည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်သည် အရှေ့တရုတ်ပင်လယ်နှင့် တောင်တရုတ်ပင်လယ်တို့တွင် Dongdiao အတန်းအစား ကင်းထောက်သင်္ဘောကို တပ်ဖြန့်ချထားသည်။

အမေရိကန်နှင့် တရုတ်တို့သည် ရေတပ်အင်အားဖြန့်ကြက်မှုအပြင် အဆိုပါဒေသတွင် စစ်ရေးအင်အားအခိုင်အမာ တိုးမြှင့်ချထားလျက်ရှိသည်။ အမေရိကန်သည် ယခုနှစ်အစောပိုင်းက ပြုလုပ်ခဲ့သော Balikatan နှစ်ပတ်လည် စစ်ရေးလေ့ကျင့်မှုမတိုင်မီ အငြင်းပွားဖွယ် တပ်ဖြန့်ချထားမှုများလုပ်ဆောင်ပြီးနောက် ဖိလစ်ပိုင်တွင်လည်း Typhon ဒုံးကျည်စနစ် တပ်ဖြန့်ချသွားဖွယ်ရာ ရှိနေသည်။

အမေရိကန်ထိပ်တန်းတာဝန်ရှိသူများက ထိုသို့ဒုံးကျည်ဖြန့်ကြက်သွားမည့်အစီအစဉ်ကို အမေရိကန်နိုင်ငံ၏ ဒေသတွင်းမဟာဗျူဟာအတွက် အရေးပါသောလုပ်ဆောင်ချက်အဖြစ် လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သည်။ အမေရိကန်အစိုးရသည် တရုတ်နိုင်ငံနှင့် ပဋိပက္ခဖြစ်ပွားလာဖွယ်ရာရှိသဖြင့် အနောက်ပစိဖိတ်ဒေသတွင် စစ်ရေးမဟာမိတ်အဖွဲ့များထူထောင်ပြီး ဒုံးကျည်ကာကွယ်ရေးစနစ်များ ဖြန့်ကြက်သွားရန် ရည်မှန်းထားရှိသည်။

အာရှ၏ မဟာအင်အားကြီးဖြစ်သည့် တရုတ်နိုင်ငံအနေဖြင့်လည်း အရေးပေါ်အခြေအနေတစ်ရပ်တွင် အမေရိကန်ရေတပ်၏ လွှမ်းမိုးမှုကို တန်ပြန်တိုက်ခိုက်နိုင်ရေးအတွက် ဆက်စပ်ရေပိုင်နက်များတွင် ကိုယ်ပျောက်ထိုးဖောက်နိုင်သည့် ရေဒါများကိုကွန်ရက်ဖွဲ့တည်ဆောက်ထားရှိသည်။ ထိုသို့ကွန်ရက်ဖွဲ့တည်ဆောက်မှု အပြီးသတ်ချိန်တွင် အထောက်အကူပြု အဆောက်အအုံများသည် ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော ပါရာဆယ်ကျွန်းစုများအနီးတစ်ဝိုက်တွင် တရုတ်နိုင်ငံ၏ ဆက်သွယ်ရေးဆိုင်ရာ ကြားဖြတ်နိုင်မှုနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစွမ်းဆောင်ရည်များကို တိုးမြှင့်ပေးနိုင်မည်ဖြစ်သည့်အပြင် တောင်တရုတ်ပင်လယ်ပြင်တွင် စောင့်ကြည့်ထောက်လှမ်းမှု ကွန်ရက်တိုးချဲ့စေနိုင်မည်ဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းအရေးကို အာရုံစိုက်နေရသော်လည်း ရေတပ်အင်အားတိုးချဲ့လျက်ရှိသည့်အပြင် မြန်မာ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခြင်းဖြင့် စစ်ရေးသံခင်းတမန်ခင်း အဆင့်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ ထိုအတောအတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတည်ငြိမ်လျက်ရှိသော်လည်း အငြင်းပွားရေပိုင်နက်များတွင် စစ်ရေးအင်အားတိုးမြှင့်ချထားလျက်ရှိသည်။

ဆိုရလျှင် ဆယ်စုနှစ်များစွာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ကုန်သွယ်မှုချဲ့ထွင်နိုင်ခဲ့သဖြင့် လွန်ခဲ့သော ၂၅ နှစ်ကျော်ကာလအတွင်း အာရှဒေသ၌ ပဋိပက္ခများကို ဟန့်တားနိုင်ခဲ့သည်။ သို့သော် လွန်ခဲ့သော ဆယ်စုနှစ် သုံးစုကျော်ကာလအတွင်း တရုတ်နိုင်ငံသည် ဒေသတွင်း ကုန်သွယ်မှုကွန်ရက်ကို လွှမ်းမိုးနိုင်အောင်တည်ဆောက်ထားခဲ့ပြီး အမေရိကန်နိုင်ငံအပြင် ၎င်း၏ မဟာမိတ်များဖြစ်သည့်



ဂျပန်၊ ဩစတြေးလျ၊ တောင်ကိုရီးယားနိုင်ငံတို့နှင့်လည်း စီးပွားရေးဆိုင်ရာ အပြန်အလှန် အမှီသဟဲပြုမှုကို နက်ရှိုင်းစွာတည်ဆောက်ထားနိုင်ခဲ့သည်။

လက်ရှိအချိန်တွင် တောင်အာရှဒေသသည် တရုတ်နိုင်ငံထုတ်ကုန်များအတွက် အကြီးမားဆုံးသောပြည်ပပို့ကုန်စျေးကွက်ကြီးဖြစ်လာပြီး တရုတ်နိုင်ငံသည် ဒေသတွင်း၌ အဓိကရင်းနှီးမြှုပ်နှံသူနှင့် နည်းပညာအရင်းအမြစ်ဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံနှင့် အနောက်တိုင်းစီးပွားရေးလုပ်ငန်းများကြား အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ထရီလီယံပေါင်းများစွာရှိခဲ့သဖြင့် အင်ဒို-ပစိဖိတ်ဒေသရှိ အဓိကနိုင်ငံများကြားနက်ရှိုင်းသည့်စီးပွားရေးဆက်ဆံမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

လွန်ခဲ့သော ဆယ်စုနှစ် သုံးစုအတွင်း ဒေသတွင်းနိုင်ငံအားလုံးနီးပါးသည် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးနေသည်ဖြစ်စေ တရားဝင်ရပ်တည်ချက်အတွက် စီးပွားရေးစွမ်းဆောင်မှုအပေါ် တည်မှီခဲ့ရသည်။ သို့သော် တရုတ်နိုင်ငံ၏ အလျင်အမြန် တိုးတက်လာမှု၊ အမေရိကန်၏ ပြည်တွင်းရေး၊ နိုင်ငံခြားရေးမူဝါဒအကျပ်အတည်းများနှင့် အနောက်ပစိဖိတ်ဒေသတွင် နယ်မြေပိုင်ဆိုင်မှုအငြင်းပွားမှုများ မြင့်တက်လာခြင်းတို့သည် အဓိက မဟာအင်အားကြီးများ၊ ကမ္ဘာ့အကြီးမားဆုံးနှင့် အလျင်အမြန် တိုးတက်ပြောင်းလဲလာသော စီးပွားရေးလုပ်ငန်းများအပါအဝင် ပထဝီနိုင်ငံရေးဆိုင်ရာ ပေါက်ကွဲလုနီးပါးအခြေအနေကို ဖန်တီးပေးလျက်ရှိသည်။

အမေရိကန်အစိုးရသည် ပေါင်းစပ်ဟန့်တားမှု မဟာဗျူဟာအပေါ် မှီခိုလျက်ရှိပြီး တရုတ်အင်အားကြီးထွားလာမှုကို ထိန်းချုပ်နိုင်ရန် ဒေသတွင်းမဟာမိတ်ကွန်ရက်ဖွဲ့မှုအင်အားရယူရန် ကြိုးပမ်းလျက်ရှိသည်။ ထို့ကြောင့် အမေရိကန်သည် ဩစတြေးလျနိုင်ငံကဲ့သို့သော ဒေသတွင်းရှိ အဓိကမဟာမိတ်များနှင့် စစ်ရေးလေ့ကျင့်မှု ပြုလုပ်လျက်ရှိသည်။

အမေရိကန် အမှတ် (၇) စစ်ရေယာဉ်စုတပ်မှူး ရေတပ်ဒုတိယဗိုလ်ချုပ်ကြီး ဖရက်ကာချာက စစ်ရေးလေ့ကျင့်မှုများ အတူလုပ်ဆောင်လာသည်နှင့်အမျှ မိမိတို့၏ စွမ်းဆောင်ရည်များ ပိုမိုခိုင်မာအားကောင်းလာပြီး လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်တွင် အတူတကွ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စစ်ရေးလေ့ကျင့်မှုသည် မိမိတို့၏ ရှိရင်းစွဲချိတ်ဆက်မှုကို ပိုမိုတည်ဆောက်နိုင်ပြီး ဩစတြေးလျရေတပ်နှင့်အတူ အသင့်အနေထားတွင် ရှိနေမည်ဖြစ်ကြောင်း ထိုင်ဝမ်ရေလက်ကြားမှ မလက္ကာရေလက်ကြားထိရောက်ရှိသည့် နောက်ဆုံးပြုလုပ်ခဲ့သော အမေရိကန်-ဩစတြေးလျ စစ်ရေးလေ့ကျင့်မှုအပြီး ထုတ်ပြန်ချက်၌ ထည့်သွင်းပြောကြားသွားခဲ့သည်။

သို့သော် တရုတ်နိုင်ငံအတွက်မူ အဆိုပါစစ်ရေးလေ့ကျင့်မှုများသည် ရန်စမှုနှင့် အငြင်းပွားနယ်များအတွင်း ကိုယ်ပိုင်စစ်ရေးတည်ရှိမှု ပိုမိုမြှင့်တင်စေရန် တွန်းအားများဖြစ်နေသည်။ PLA ရေတပ်၏ Dongdiao အတန်းအစားစောင့်ကြည့်ရေးစစ်ရေယာဉ် Tianshuxing(795)သည် လွန်ခဲ့သော သတင်းပတ်အတွင်း ဂျပန်နိုင်ငံ၏ AmamiOshima ကျွန်းအနောက်ဘက် ၆၂ မိုင်အကွာလောက်မှ ခုတ်မောင်းသွားခဲ့ပြီး အနောက်ပစိဖိတ်ရှိ ဖိလစ်ပိုင်ပင်လယ်ပြင်သို့ ထွက်ခွာသွားခဲ့သည်။ ထိုအတောအတွင်း တရုတ်နိုင်ငံ၏ လျှောင်နင်းလေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအဖွဲ့သည် ထိုင်ဝမ်ရေလက်ကြားမြောက်ပိုင်းတွင် လှုပ်ရှားသွားလာခဲ့သည်။

တရုတ်နိုင်ငံသည် ၎င်း၏ အီလက်ထရွန်နစ်စစ်ဆင်မှုစွမ်းဆောင်ရည် ခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်းဖြင့် အဆင့်မြင့်နည်းပညာစစ်ပွဲအတွက်လည်း ကြိုတင်ပြင်ဆင်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ဂြိုဟ်တုစခတ်ပုံများကိုအခြေခံလျက် ကိုယ်ပျောက်ဖောက်ထွင်းရေဒါစနစ်များ တည်ဆောက်လျက်ရှိသည်။ အထူးသဖြင့် ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသော ပါရာဆယ်ကျွန်းစုရှိ Triton ကျွန်း၌ ရေဒါထိန်းချုပ်တာဝါနှင့် ရွေ့လျားဒုံးကျည်ပစ်စင်များ ဖြန့်ကြက်ထားရှိသည်။ ၎င်းကျွန်းပေါ်၌ ရေဒါစနစ် အပြီးသတ်တည်ဆောက်ပြီးချိန်တွင် တောင်တရုတ်ပင်လယ်ရှိ တရုတ်အခြေစိုက်စခန်းများတွင် ကိုယ်ပျောက်ရေဒါကွန်ရက် အနည်းဆုံး သုံးခုထိ ရှိလာမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် F-22 Raptor ကိုယ်ပျောက်တိုက်လေယာဉ်များ၊ B-2 Spirit ကိုယ်ပျောက်ဗုံးကြဲလေယာဉ်များနှင့် F-35 ကိုယ်ပျောက်တိုက်လေယာဉ်များအပါအဝင် အမေရိကန်၏ ကိုယ်ပျောက်တိုက်လေယာဉ်များ ဖြန့်ကြက်မှုကို တုံ့ပြန်နိုင်ရေးရည်မှန်းဆောင်ရွက်နေဖွယ်ရာ ရှိသည်။ ၂၀၂၄ ခုနှစ် အစောပိုင်းတွင် အမေရိကန်နိုင်ငံသည် ဩစတြေးလျနိုင်ငံ၏ Pitch Black နိုင်ငံတကာလေကြောင်းတိုက်ခိုက်မှု စစ်ရေးလေ့ကျင့်မှုတွင် F-22s တိုက်လေယာဉ် ၁၈၆ စင်းထိ တပ်ဖြန့်ချထားခဲ့သည်။ အမေရိကန် ကိုယ်ပျောက်တိုက်လေယာဉ်များဖြစ်သည့် F-22s နှင့် F-35s နှစ်မျိုးစလုံးသည် စင်ကာပူ၊ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၊ ဘရူနိုင်း၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများသို့လည်း သွားရောက်ခဲ့သေးသည်။

အမေရိကန် ပစိဖိတ်လေတပ်ဖွဲ့တပ်မှူး ကီဗင်ရှနိုက်ဒါက တောင်တရုတ်ပင်လယ်တွင် အမေရိကန်တိုက်လေယာဉ်များ တိုးမြှင့်ဖြန့်ကြက်လာခြင်းသည် တရုတ်နိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုများ မြင့်တက်လာမှုအပေါ် သိရှိသဘောပေါက်ခြင်းနှင့် သတိထားစောင့်ကြည့်ခြင်းတို့ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိကြောင်း၊ ဒေသတွင်းရှိ မိမိတို့၏ မိတ်ဆွေနိုင်ငံများသည် မိမိတို့လေယာဉ်များ ဖြတ်သန်းပျံသန်းမှုကို ပိုမိုခွင့်ပြုသွားလိုသည့် ဆန္ဒရှိနေကြောင်းနှင့် ခြိမ်းခြောက်မှုရှိသော ပတ်ဝန်းကျင်တွင် စစ်ရေးလေ့ကျင့်မှုများ ပိုမိုလုပ်ဆောင်ရန်လည်း ဆန္ဒရှိနေကြောင်း ပြောကြားသွားခဲ့သည်။

ထိုအတောအတွင်း ရုရှားရေတပ်မှ ကော်ဗက်စစ်ရေယာဉ် သုံးစီးသည် အိန္ဒိယသမုဒ္ဒရာအတွင်း မြန်မာရေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့သည်။ ၎င်းစစ်ရေးလေ့ကျင့်မှု၏ အဓိကရည်ရွယ်ချက်သည် နိုင်ငံများကြား ရေတပ်ဆိုင်ရာ ဘက်စုံတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်၊ ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုများကို ပူးတွဲတုံ့ပြန်ရန်နှင့် အာရှ-ပစိဖိတ်ဒေသတွင် သွားလာနေသော အရပ်ဘက်သင်္ဘောများ ဘေးကင်းလုံခြုံမှုရှိစေရန်ပင် ဖြစ်သည်။

ထို့ပြင် ရုရှားရေတပ်သည် အင်ဒိုနီးရှားနိုင်ငံတွင်လည်း ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ ၈ ရက်ထိ Orruda 2024 စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့သည်။ အင်ဒိုနီးရှားသမ္မတသစ် ပရာဘိုဝိုသည် အိန္ဒိယနိုင်ငံကဲ့သို့ပင် နိုင်ငံအားလုံးနှင့် ထိတွေ့ဆက်ဆံသည့် နိုင်ငံခြားရေးမူဝါဒ ချမှတ်သွားလိုသော ဆန္ဒရှိနေသည်။ မည်သို့ပင်ဆိုစေ အမေရိကန်၊ တရုတ်နှင့် ရုရှားနိုင်ငံတို့သည် အရှေ့အာရှရေပိုင်နက်များအတွင်း စစ်ရေးအင်အား တိုးမြှင့်ဖြန့်ကြက်လာလျက်ရှိသဖြင့် အင်အားပြိုင်ဆိုင်မှု ပဋိပက္ခဖြစ်ပွားလာနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

**- Forget Gaza and Ukraine, East Asia's brewing war will matter more by Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ တန်ဆောင်တိုင်စျေးရောင်းပွဲတော်နှင့် ဂီတပွဲတော် ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိပြည်သူ့ရင်ပြင်၌ တန်ဆောင်တိုင် စျေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို ယနေ့မှစ၍ ကျင်းပလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြခဲ့သည်။

အဆိုပါ တန်ဆောင်တိုင်စျေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်တွင် ယနေ့မှစ၍ နိုဝင်ဘာ ၁၆ ရက်ထိ ကျင်းပမည်ဖြစ်ပြီး တန်ဆောင်တိုင်စျေးရောင်းပွဲတော်တွင် စျေးဆိုင်ခန်းပေါင်း ၄၈၃ခန်း၊ စားသောက်ဆိုင်ခန်းပေါင်း ၇၁ ခန်းကို ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"တန်ဆောင်တိုင် စျေးရောင်းပွဲတော်နဲ့ ဂီတပွဲတော်ကိုတော့ ပြည်သူ့ရင်ပြင်မှာ ယနေ့မှ နိုဝင်ဘာ ၁၆ ရက်ထိ ကျင်းပသွားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်မှုဇုန် ၂၉ ဇုန်နဲ့ အသေးစားအလတ်စားနဲ့ အငယ်စားစက်မှုလုပ်ငန်းရှင်တွေကနေ ထုတ်ကုန်မျိုးစုံကို ဆိုင်ခန်းပေါင်း ၄၈၃ ခန်း ဖွင့်လှစ်ရောင်းချပေးနေပါတယ်။ ပွဲတော်လာ ပြည်သူတွေ စားသောက်နားနေနိုင်ဖို့ စားသောက်ဆိုင် ၇၁ ဆိုင်ကိုလဲ ဖွင့်လှစ်ပေးထားမှာဖြစ်ပါတယ်။ အရင်နှစ် စျေးပွဲတော်တုန်းက ဆိုင်ခန်းပေါင်း ၄၅၉ ခန်းဖွင့်လှစ်ရောင်းချပေးခဲ့ပြီး ဒီနှစ်မှာတော့ စျေးဆိုင်ခန်းတွေ တိုးမြှင့်ဖွင့်လှစ်ရောင်းချပေးနေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြသည်။

တန်ဆောင်တိုင် စျေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကာလအတွင်း ပွဲတော်လာပြည်သူများကို စတုဒိသာ ကျွေးမွေးဧည့်ခံခြင်းများ၊ ဖျော်ဖြေရေးအနေဖြင့် ရုပ်ရှင်ဂီတသဘင်၊ ဟာသပညာရှင်များ၏ ဖျော်ဖြေမှုများ၊ မျက်လှည့်ဆက်ကပ်အကအလှုများကို ရှုစားရမည့်အပြင် လူငယ်များအတွက် E-sport gameပြိုင်ပွဲများကိုလည်း ထည့်သွင်းထားကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များကို နံနက် ၉ နာရီမှ ည ၈ နာရီထိ ပြုလုပ်ကျင်းပသွားမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်တွင် ည ၁၀ နာရီ မိနစ် ၃၀ ထိ ကျင်းပသွားမည်ဖြစ်ကာ မီးရှူးမီးပန်းဖောက်ခြင်း၊ မီးပုံးပျံလွှတ်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအတွင်းရေးမှူး ဦးညီညီမင်းက ပြောပြ၍ သိရသည်။

ASH

# It Had To Be You ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ဆိုနီကုမ္ပဏီ ရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၁၄**

စာရေးဆရာ အယ်လီဇာဂျိမ်းဘရာဇီရာ၏ နောက်ဆုံးထွက်ဝတ္ထုဖြစ်သည့် It Had To Be You အမည်ရှိ ဝတ္ထုကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

It Had To Be You ဇာတ်ကားအတွက် ဇာတ်ညွှန်းကို အယ်လီဇာဂျိမ်းဘရာဇီရာကပင် တာဝန်ယူရေးသားမည်ဖြစ်သည်။


It Had To Be You ဇာတ်ကားသည် ကြေးစားလူသတ်သမား နှစ်ဦးတို့ကြား အားပြိုင်ပွဲကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဆိုနီရုပ်ရှင်သည် It Had To Be You ဇာတ်ကား ရိုက်ကူး ထုတ်လုပ်မှုလုပ်ငန်းကို စတင်နေပြီဖြစ်သည်။

သို့ရာတွင် အဆိုပါဇာတ်ကားကို ရိုက်ကူးမည့်ဒါရိုက်တာနှင့် ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

It Had To Be You ဇာတ်ကားအတွက် ထုတ်လုပ်သူအဖြစ် နာမည်ကျော်ရုပ်ရှင်ထုတ်လုပ်သူ ကင်မရွန်းဖူလာက တာဝန်ယူထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁၄**

မြန်မာနိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ နိုဝင်ဘာ ၁၅ ရက်တွင် ရုံတင်ပြသမည့် စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကား Premiere Show ကို နိုဝင်ဘာ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မေမြင့်မိုရ်က ပြောပြ၍ သိရသည်။

စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး The Rays ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ စိုးမိုးမင်းက တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"စာရိတ္တ ၂ ရဲ့ ထူးခြားချက်က စာရိတ္တ ၁ ရဲ့ဇာတ်အိမ်အဆက်ကို ပရိသတ်တွေ ထင်ထားတာထက် ပိုပြီးဇာတ်ရှိန်မြင့်မယ့်အခန်းတွေ အများကြီးပါတယ်။ ဇာတ်ဝင်ခန်းထဲမှာ ပါဝင်သူတွေအကုန်လုံးက အပြိုင်အဆိုင် ကျရာဇာတ်ရုပ်မှာ အကောင်းဆုံး လုပ်ဆောင်ထားတာမို့ ပရိသတ်တွေ ပိုသဘောကျလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု သရုပ်ဆောင် မေမြင့်မိုရ်က ပြောပြသည်။



စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ မင်းဘုန်းမြတ်၊ ချာလီ၊ ကောင်းမြတ်စံ၊ ဝေဇလင်းရောင်၊ ထွန်းပုလဲရတနာ၊ ဝေလာရီ၊ ဥဩသံသာနှင့်အတူ စာရိတ္တရုပ်ရှင် ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင် ထားကြသည့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

ASH

# The Temple ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား ဒန်နီယယ်ဇိုဂါဒနီ ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၁၄**

The Temple အမည်ရှိ သိပ္ပံထိတ်လန့်သည်းဖို ဇာတ်ကားသစ်၌ Funny Pages မင်းသား ဒန်နီယယ်ဇိုဂါဒနီ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် မင်းသား ဒန်နီယယ်ဇိုဂါဒနီသည် The Temple ဇာတ်ကား၌ ပါဝင်ရေးအတွက် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေကြောင်း သိရသည်။

The Temple ဇာတ်ကားကို ဒါရိုက်တာ ယိုနာလူးဝစ်နှင့် ကယ်ဗင်သောမတ်တို့ပါဝင်ကာ တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

The Temple ဇာတ်ကားသည် ဇာတ်ရောင်ခြည် သိပ္ပံပညာရှင်တစ်ဦး၏အကူအညီဖြင့် ကွယ်လွန်ခဲ့သော မိဘများ၏ဝိညာဉ်များကိုရှာဖွေရန် ကြိုးစားနေသူ လူငယ်တစ်ဦးအဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဇိုဂါဒနီက ကွယ်လွန်သွားသူ မိဘများ၏ဝိညာဉ်ကို လိုက်ရှာဖွေခဲ့သည့်မိဘမဲ့ သန်းကြွယ်သူဌေး လူငယ်အဖြစ် သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် The Temple ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# Mission:Impossible B ဇာတ်ကား၏ တရားဝင်ဇာတ်ကား နာမည်ထွက်ပေါ်

**နယူးယောက် နိုဝင်ဘာ ၁၄**

Paramount ကုမ္ပဏီ၏ Mission: Impossibel B ဇာတ်ကား၏ တရားဝင်ဇာတ်ကား နာမည် ပေါ်ထွက်လာပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

Mission: Impossibel B ဇာတ်ကား၏ တရားဝင်ဇာတ်ကား အမည်မှာ Mission: Impossibel – The Final Reckoning ဖြစ်ကြောင်း သိရသည်။

Mission: Impossibel B ဇာတ်ကား၏ တရားဝင် ဇာတ်ကားနာမည်ကို ယခင် ဇာတ်ကား၌ ပါဝင်သရုပ်ဆောင် ထားသည့် မင်းသား တွမ်ခရုစ်၏ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် အတည်ပြုကြေညာ ထားခြင်းဖြစ်သည်။

Mission: Impossibel–The Final Reckoning ဇာတ်ကားကို ဒါရိုက်တာ ခရစ္စတိုဖာမက်ကွာရီက တာဝန်ယူရိုက်ကူးပေးထားသည်။

Paramount ကုမ္ပဏီသည် Mission: Impossibel B ဇာတ်ကားကို ပြင်သစ်နိုင်ငံ ကန်းစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက် ပြသရန် ဆန္ဒရှိနေသည်။

Paramount ကုမ္ပဏီသည် Mission: Impossibel B ဇာတ်ကားကို ၂၀၂၅ ခုနှစ် မေ ၂၃ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attend second Matho Shwekya Robes weaving and offering ceremony of Maravijaya Buddha Image




Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy performances at the second Matho Shwekya Robes weaving and offering ceremony of Maravijaya Buddha Image.

**Nay Pyi Taw November 14**

Opening of the second Matho Shwekya Robes weaving and offering ceremony of Maravijaya Buddha Image was held at Fountain Square, Buddha Park, Dekkhinathiri Township, Nay Pyi Taw, Union Territory this evening, attended and formally opened by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla.

Also present together with the Senior General and wife were the Vice Chairman of State Administration Council Deputy Prime Minister and wife, the SAC Secretary and wife, the Joint SAC Secretary and wife, SAC members and wives, union level officials, union ministers and wives, the Nay Pyi Taw council chair, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw command commander, officials and monks and laypersons.

The ceremony was opened with the recitation of namotassa three times, and Union Minister for Religious Affairs and Culture U Tin Oo Lwin read out the Jayamingala paper.

The Senior General and wife formally opened the ceremony by cutting the ribbon.

When a member of the Board of Trustees of the Maravijaya Buddha Image U Thant Swe beat the mingala gong, Matho Thingan weaving began, at the same time, artistees of MRTV of Ministry of Information, Fine Arts Department of Ministry of Religious Affairs and Culture and Myawady music band under the command of Directorate of Public Relations and Psychological Warfare danced and sang a Tazaung Lighting song and the attendees released mini hot air balloons of various types.

The artistees then continued to stage group dances, drumming performances, and songs.

The Senior General and wife and attendees observed the Matho Thingyan weaving stations of 15 regions and states including Nay Pyi Taw and encouraged them.

The Senior General and wife and distinguished guests watched the releasing of illuminated and decorated hot air balloons of various types together with the monk and layperson attendees.

The Tazaungdine Lighting festival will be held at the Buddha Park from 13 to 15 November in accord with the traditions and culture.

*See Page 13*



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla observe the weaving of Matho Shwekya robes.



Maravijaya Buddha Park packed with pilgrims and festival goers.



Pilgrims and festival goers seen coming and leaving Maravijaya Buddha Park.




Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch artistes performing at the opening of the second Matho Shwekya Robes weaving and offering ceremony of Maravijaya Buddha Image.

*From Page 12*
Religious associations will also recite religious sermons continuously, fireworks will be displayed, hot air balloons will be released and Matho Shwekya Robes will be offered. Moreover, the venue will be illuminated with multiple lights and shops will be installed to sell local goods, food, personal items and local snacks. Fine Arts Department and stage actor Po Chit and troupe will stage dramatic shows. Public can visit the Image during the festival. 100

# Phaungpyin Township cultivates over 800 acres of winter sunflowers

**Phaungpyin November 14**

A total of 813 acres of sunflowers have been planted during this year's winter crops planting season in Phaungpyin Township, Mawlaik District, Sagaing Region, according to statistics from the Department of Agriculture for Mawlaik District.

During the 2024-2025 winter crops planting season, 2,436 acres of winter sunflowers are planned to be planted in Phaungpyin Township, and 813 acres have been planted since October this year.

"In order to reduce palm oil imported from abroad, we are expanding the cultivation of sunflower, an oilseed crop. The production of sunflower oil per acre is more than that of other peanuts and sesame seeds. Sunflower is only planted in winter," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

It is reported that the Department of Agriculture of the township is speeding up the educational courses in order to be able to expand the cultivation of sunflower in Phaungpyin Township. 206



A thriving sunflower plantation.

# Kenya's main port says cargo handling up 13.9 pct in Jan.-Oct.

**Mombasa November 14**

Kenya's main seaport, the Port of Mombasa, said Thursday it handled 33.78 million tonnes of cargo in the first 10 months this year, up 13.9 percent from 29.66 million tonnes posted in the same period of 2023.

Kenya Ports Authority (KPA) attributed the increase to jumps in containerized cargo, which rose 21.1 percent to 3.12 million tonnes, and liquid bulk, which grew 9.0 percent to 697,648 tonnes.

"Current projections for the end of 2024 indicate that the Port of Mombasa will handle approximately 40.535 million tonnes in cargo throughput, 480,241 twenty-foot equivalent units (TEUs) in transshipment traffic, and 13.416 million tonnes in transit traffic," the KPA said in a statement issued in Mombasa.

According to the KPA, imports and exports recorded moderate growth of 31,915 TEUs, or 5.4 percent, and 30,923 TEUs, or 5.4 percent, respectively.

KPA Managing Director William Kipkemboi Ruto said expanding sectors like agriculture, manufacturing, and construction, which rely on Mombasa for efficient import and export processes, contributed to the increased throughput. Xinhua

# 4,000 illegal miners trapped underground in South Africa with rescue efforts delayed by rains

**Johannesburg November 14**

An estimated 4,000 illegal miners are still trapped underground at an unused mine in Stilfontein, North West Province of South Africa, with rescue operations currently suspended due to heavy rains, provincial police announced on Wednesday.

In a phone interview with Xinhua, North West Police Spokesperson Sabata Mokgwabone said that the community-led rescue efforts would resume once the weather clears.

Mokgwabone explained that the situation began on Nov. 2, when over 50 illegal miners emerged from the relatively "safe" Margaret shaft, reporting that others were still underground. He noted that the trapped miners, currently estimated to be around 4,000, were in other unused and "dangerous" mine shafts far from the Margaret shaft.

"We are still at the shaft. It's raining hard and the operations have stopped for now," Mokgwabone said.

The spokesperson added that some community members went underground on Tuesday using a rope, where they observed thousands of miners, along with several bodies. They provided food and water to the trapped miners. Police and medical personnel were also present at the scene.

Mokgwabone further stated that the 55 illegal miners who recently resurfaced were apprehended for violating the Immigration Act and engaging in illegal mining.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနှင့်ရုရှားတို့ Pantsir လေကြောင်းရန်ကာကွယ်ရေးစနစ်မျိုးကွဲများထုတ်လုပ်နိုင်ရေးအတွက် လက်မှတ်ရေးထိုး



အိန္ဒိယနိုင်ငံ Bharat Dynamics Limited (BDL) ကုမ္ပဏီသည် နိုဝင်ဘာ ၈ ရက်တွင် ရုရှားနိုင်ငံ Rosoboronexport (ROE) ကုမ္ပဏီနှင့် Pantsir လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်၏ အဆင့်မြှင့်လက်နက်စနစ်မျိုးကွဲများ ထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးခဲ့သည်ဟု Army Recognition သတင်းဌာနက နိုဝင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤသဘောတူညီချက်သည် ဂိုအာမြို့ရှိ အိန္ဒိယ-ရုရှားနှစ်နိုင်ငံ အစိုးရကော်မရှင်(IRIGC) အဖွဲ့၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး အထူးသဖြင့် ရုရှား-ယူကရိန်း အထူးစစ်ဆင်ရေးတွင် နှစ်နိုင်ငံကြား ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးကို မဟာဗျူဟာမြောက် လုပ်ဆောင်ချက်တစ်ရပ်အဖြစ် သတ်မှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံ တူလာမြို့ရှိ KBP ဒီဇိုင်းဗျူရိုက တီထွင်ထုတ်လုပ်ထားသော Pantsir-S1 သည် စစ်ဘက်အခြေခံအဆောက်အအုံနှင့် အချက်အချာနေရာများကို လေကြောင်းရန်မှ ကာကွယ်စောင့်ရှောက်ရန်အတွက် အလိုအလျောက်ပစ်စက်အမြောက်များနှင့် ဒုံးကျည်များပူးတွဲတပ်ဆင်ထားသော ယာဉ်တင်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ဖြစ်သည်။ Pantsir-S1 လက်နက်စနစ်ကို ရှစ်ဘီးယက် ယာဉ်ပေါ်တွင် တပ်ဆင်ထားပြီး ရွေ့လျားစစ်ကစားနိုင်စွမ်းရှိသည်။ အဆိုပါ လက်နက်စနစ်တွင် ပစ်ခတ်မှုထိန်းကျောင်းရေးစနစ်၊ ဘက်စုံသုံးရေဒါ၊ အနီအောက်ရောင်ခြည်ပုံရိပ်ဖော်စနစ်တို့ ပေါင်းစပ်အသုံးပြုထားပြီး အီလက်ထရွန်နစ် တန်ပြန်လုပ်ဆောင်မှုများကြားမှ ပစ်မှတ်ကို တိကျစွာတိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

အခြားလေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့်ပေါင်းစပ်၍ဖြစ်စေ၊ သီးခြားဖြစ်စေ တိုက်ပွဲဝင်လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားသော Pantsir-S1 လက်နက်စနစ်သည် အကြီးစားလေကြောင်းတိုက်ခိုက်မှုများမှ ကျယ်ပြန့်စွာ လွှမ်းခြုံကာကွယ်နိုင်စေမည်ဖြစ်သည်။ ဒရုန်းများ၊ ရဟတ်ယာဉ်များအပါအဝင် အလျင်နှုန်းတစ်စက္ကန့်လျှင် မီတာ ၁၀၀၀ ဖြင့် ပျံသန်းဝင်ရောက်လာမည့် လေကြောင်းပစ်မှတ်များကို အီလက်ထရွန်နစ်စစ်ဆင်ရေးနှောင့်ယှက်မှုများ ရှိနေသည့်ကြားမှပင် တုံ့ပြန်ဖျက်ဆီးနိုင်စွမ်း ရှိမည်ဖြစ်သည်။ ရန်သူ့တန်ပြန်တိုက်ခိုက်မှုများပြင်းထန်နေပါက Electro-Optic Tracking Channels များအသုံးပြု၍ လှိုင်းထုတ်လွှင့်မှုမရှိဘဲ တိတ်ဆိတ်စွာ လုပ်ဆောင်နိုင်စွမ်းရှိသည်။ Pantsir-S1 လက်နက်စနစ်သည် ရုရှား၊ ဆီးရီးယား၊ အာရပ်စော်ဘွားများပြည်ထောင်စု စသည့်နိုင်ငံအများအပြားတွင် တပ်ဖြန့်အသုံးပြုလျက်ရှိပြီး မျက်မှောက်ခေတ် လေကြောင်းခြိမ်းခြောက်မှုများမှ ခြေလျင်ကြည်းတပ်ဖွဲ့များနှင့် အခြေခံအဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ရန် မရှိမဖြစ်လိုအပ်သည်။

အိန္ဒိယနိုင်ငံ BDL ၏ မန်နေဂျင်းဒါရိုက်တာ ရေတပ်ဗိုလ်မှူးကြီး(အငြိမ်းစား) A. Madhavarao နှင့် ရုရှားနိုင်ငံ ROE ကုမ္ပဏီ ရေတပ်ဌာန လက်ထောက်ညွှန်ကြားရေးမှူး Mr. Kovalenko German တို့ လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာသည် အိန္ဒိယနိုင်ငံ၏ မတူကွဲပြားသော လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်မျိုးစုံကို အသုံးပြုမှုနှင့် ကာလရှည်ကြာ ဆက်ဆံခဲ့သော နိုင်ငံတကာမဟာမိတ်များနှင့် မဟာဗျူဟာမြောက် ကြိုးပမ်းဆောင်ရွက်မှုများကို မီးမောင်းထိုးပြလျက်ရှိသည်။ ဤသို့ ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံရပ်ခြားလုပ်ဖော်ကိုင်ဖက်များထံမှ နည်းပညာဆန်းသစ်တီထွင်မှုများနှင့် ပေါင်းစပ်ကာကွယ်ရေးတွင် မိမိကိုယ်ကိုအားကိုးအားထားပြုနိုင်ရေးကို အားကောင်းစေမည့် အိန္ဒိယနိုင်ငံ၏မူဝါဒနှင့် ကိုက်ညီကြောင်း သိရသည်။

India and Russia Sign Agreement for Development of Pantsir Air Defense System Variant ကို ဘာသာပြန်ဆိုထားပါသည်။

## တရုတ်က ဒုံးကျည်နှင့်ဒရုန်းများကို သယ်ဆောင်တိုက်ပွဲဝင်နိုင်မည့် GDF-600 ဟိုက်ပါဆောနစ်လေဟုန်စီးယာဉ်ကို မိတ်ဆက်ပြသ

တရုတ်နိုင်ငံသည် နိုဝင်ဘာ ၁၂ ရက်မှ ၁၇ ရက်ထိ ကျင်းပပြုလုပ်မည့် Zhuhai Air Show လေကြောင်းပြပွဲတွင် ဒုံးကျည်နှင့်ဒရုန်းများကို သယ်ဆောင်တိုက်ပွဲဝင်နိုင်မည့် GDF-600 ဟိုက်ပါဆောနစ်လေဟုန်စီးယာဉ်ကို မိတ်ဆက်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Guangdong Aerodynamic Research Academy(GARA)က တီထွင်ထုတ်လုပ်ထားသည့် GDF-600 ဟိုက်ပါဆောနစ် လေဟုန်စီးယာဉ်သည် ဒုံးကျည်များ၊ ဒရုန်းများအပါအဝင် Sub-Munitions ခဲယမ်းများဖြင့် ပစ်လွှတ်နိုင်စွမ်းရှိမည်ဖြစ်သည်။ ဤသို့ဆန်းသစ်တီထွင်မှုသည် ခေတ်သစ်တိုက်ခိုက်ရေး နည်းဗျူဟာများကို ပြောင်းလဲပစ်ရန် အလားအလာရှိနေပြီး နည်းပညာအဆင့်မြင့်မားမှုနှင့် ဘက်စုံတိုက်ပွဲဝင်နိုင်မှုစွမ်းရည်များကြောင့် နိုင်ငံတကာ ကာကွယ်ရေးကျွမ်းကျင်သူများအနေဖြင့် အာရုံစိုက်စောင့်ကြည့် လေ့လာလျက်ရှိသည်။

GDF-600 ဟိုက်ပါဆောနစ် လေဟုန်စီးယာဉ်သည် Mach 7 ခန့်မှန်းခြေ တစ်နာရီလျှင် ကီလိုမီတာ ၈၆၅၀ အလျင်နှုန်းဖြင့် အကွာအဝေး ကီလိုမီတာ ၆၀၀ ထိ လွှမ်းခြုံစစ်ဆင်နိုင်လိမ့်မည်ဖြစ်သည်။ သို့သော် GARA က ၎င်း၏အကွာအဝေးကို သီအိုရီအရ ကီလိုမီတာ ၆၀၀၀ ထိ တိုးချဲ့နိုင်ကြောင်း ပြောကြားထားသည်။

GDF-600 ဟိုက်ပါဆောနစ် လေဟုန်စီးယာဉ်တွင် မတူကွဲပြားသော နည်းဗျူဟာမြောက် ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်ရန် Payload အမျိုးမျိုး တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ ၎င်းတို့တွင် အကွာအဝေး ကီလိုမီတာ ၁၀၀ မှ ၅၀၀ အတွင်း ပစ်ခတ်နိုင်သော စူပါဆောနစ်ဒုံးကျည်များ၊ အကွာအဝေး ကီလိုမီတာ ၁၀၀ ထိ ရောက်အောင် ပစ်ခတ်နိုင်သော Subsonic ဒုံးကျည်များ၊ အကွာအဝေး ၁၀ ကီလိုမီတာမှ ကီလိုမီတာ ၈၀ အတွင်း တိုက်ပွဲဝင်နိုင်သော ခရုဇ်ဒုံးကျည်များ၊ အကွာအဝေး ကီလိုမီတာ ၇၀ ထိ ကြဲချတိုက်ခိုက်နိုင်သော ဗုံးများ၊ အကွာအဝေး နှစ်ကီလိုမီတာမှ ၁၅ ကီလိုမီတာအတွင်း ပျံသန်းလုပ်ဆောင်နိုင်သော ဒရုန်းများပါဝင်မည်ဖြစ်သည်။

GDF-600 ဟိုက်ပါဆောနစ်လေဟုန်စီးယာဉ်ကို ကြည်းတပ်စစ်ဆင်ရေးအတွက်သာ အဓိကဒီဇိုင်းထုတ်ထားသော်လည်း ရေတပ်နှင့်လေတပ်သုံး ပလက်ဖောင်းများတွင်လည်း အဆင်ပြေစွာအသုံးပြုနိုင်လိမ့်မည်ဖြစ်သည်။ GDF-600 ဟိုက်ပါဆောနစ်



လေဟုန်စီးယာဉ်သည် အမြင့်ဆုံး ကီလိုမီတာ ၄၀ ထိ ပျံသန်းနိုင်စွမ်းရှိပြီး ရန်သူ့လေကြောင်းရန်ကာကွယ်ရေး ကွန်ရက်များကို ထိရောက်စွာကျော်ဖြတ် တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်ကာ တစ်ဖက်ကတန်ပြန်တိုက်ခိုက်ရန် ခက်ခဲပေလိမ့်မည်ဖြစ်သည်။ GDF-600 ဟိုက်ပါဆောနစ်လေဟုန်စီးယာဉ်၏ ဖွဲ့စည်းမှုပုံစံသည် ပြောင်းလွယ်ပြင်လွယ်ရှိစွာ ဒီဇိုင်းထုတ်ထားသည့်အတွက် ရည်မှန်းချက်တာဝန်အမျိုးမျိုးကို ထမ်းဆောင်နိုင်စွမ်းရှိမည်ဖြစ်သည်။

GDF-600 ဟိုက်ပါဆောနစ်လေဟုန်စီးယာဉ်ကို မိတ်ဆက်ခြင်းဖြင့် တရုတ်နိုင်ငံသည် ဟိုက်ပါဆောနစ်လက်နက်စွမ်းဆောင်ရည်များ ထပ်မံအဆင့်မြှင့်တင်ပိုင်ဆိုင်လာနိုင်ရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်သည်။ ထိုသို့ တရုတ်နိုင်ငံက ဟိုက်ပါဆောနစ်လေဟုန်စီးယာဉ် မိတ်ဆက်ပြသနေချိန်တွင် အမေရိကန်နှင့် အနောက်နိုင်ငံများသည် ဟိုက်ပါဆောနစ်နယ်ပယ်၌ နည်းပညာဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး သုံးသပ်ရာလည်းနေဆဲ အခြေအနေမျိုးဖြစ်သည်။

China Expands Hypersonic Capabilities with GDF-600 Boost-Glide Vehicle for Missile and Drone Deployment ကိုဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၃၃၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျွန်းလှ နိုဝင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ၂၃၃၅ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျွန်းလှမြို့နယ်တွင် မြေပဲ၁၃၈၆ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၃၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မြေပဲကေ ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှု အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ မြေပဲကို ပြည်တွင်းစားသုံးဆီဖူလုံဖို့ စိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ကေစိုက်ပျိုးပါက မြေပဲတင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်စေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးခြောက် မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုမြင့်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရံ့ခြောက် ပိဿာချိန် ၅၅၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးရံ့ခြောက် ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေခြင်းကြောင့် တင်ပို့ရောင်းချအား ကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

''မော်လမြိုင်ကျွန်းမြို့နယ်ကနေ ငါးခြောက်အစုံကို ရန်ကုန်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ အောက်တိုဘာလအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ ရန်ကုန်ဈေးကွက်မှာ ငါးရံ့ခြောက်တွေ အရောင်းအဝယ်ကောင်းလာတာကြောင့် ကုန်သည်တွေနဲ့ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ်ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုမြင့်ထံမှ သိရသည်။ ကျော်ကျော်လင်း



# ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ပျော်ဘွယ် နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျောက်ဆည်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၁၃ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက်ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ကျောက်ဆည်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၄-၁၁-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၂၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲတွင် ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာ သင်္ကန်းတော် ရက်လုပ်နေမှုကို စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးစဉ်။

**ရှေ့ဖုံးမှအဆက်**

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က "ဇယမင်္ဂလာစာတမ်းလွှာ" ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကို တီးခတ်၍အချက်ပေးရာ ရက်ကန်းအဖွဲ့များကရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသင်္ကန်းတော်များကို စတင်ရက်လုပ်ကြသည်။ ထိုသို့ရက်ကန်းအဖွဲ့များက ရက်ကန်းစတင်ရက်လုပ်သည်နှင့်တစ်ပြိုင်နက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်တေးသီချင်းဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြပြီး အခမ်းအနားတက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်နက်လွှတ်တင်ကြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များဖြင့်လည်းကောင်း၊ ပြင်ပအနုပညာရှင်များက တေးသီချင်းများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့်ဧည့်ပရိသတ်များသည် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေမှုများကို ရက်ကန်းစင်တော် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စိန်နားပန်မီးပုံးပျံများနှင့်ညမီးကျည် (ညမီးကြီး) မီးပုံးပျံများလွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော်အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်ထိ ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့်ပူဇော်ခြင်း၊

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာ သင်္ကန်းတော် ရက်လုပ်နေမှုများကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေးစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ကြိုဆိုကြစဉ်။





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများဖြင့် စည်ကားများပြားနေမှုကို တွေ့ရစဉ်။

မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချမှုနှင့်အတူ အနုပညာဦးစီးဌာနမှ ဇာတ်တော်ကြီးဖြင့်လည်းကောင်း၊ ဇာတ်မင်းသားဖိုးချစ်အဖွဲ့က ဇာတ်သဘင်ဖျော်ဖြေမှုတို့ကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများပြည်သူများအနေဖြင့် လာရောက်ဖူးမြော်ကြည်ညို ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ဒုတိယဝန်ကြီးချုပ်များ ဦးဆောင်သည့် ပြည်ထောင်စုဝန်ကြီးများ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့ ဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများသည် မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နေ့လယ်ပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)တွင် လက်ခံတွေ့ဆုံသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့ ဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား လေကြောင်းခရီးသွားလာမှုနှင့် ပြည်သူအချင်းချင်း ဆက်ဆံမှုတိုးမြှင့်ရေး၊ ဘဏ်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ သာသနာရေးနှင့် ယဉ်ကျေးမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စက်မှု၊ စီးပွားရေး၊ ကျန်းမာရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်များနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနများမှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိများနှင့် ကျောင်းသား၊ ကျောင်းသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၄

ပုသိမ်မြို့ ချောင်းသာကမ်းခြေသို့ ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချောင်းသာကမ်းခြေ၌ လှည့်လည်ကြည့်ရှု အနားယူအပန်းဖြေကြပြီး ချောင်းသာမြို့အဝင်၌ ရုရှား-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်ကို မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ် H. E. Mr. Iskan-der Azizov နှင့်အတူ စိုက်ပျိုးပေးကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နေ့လယ်တွင် ပုသိမ်မြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိများနှင့် ကျောင်းသား၊ ကျောင်းသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ညပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို Aureum Palace Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကာ အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး ရတနာဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများ ကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံပြည်သူများကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှုအခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



☆ **ကျောဖုံးမှအဆက်**

ကုသိုလ်ပြုဆီမီးထွန်းညှိနိုင်မည့် နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့် နေရာများ၊ မသိုးသင်္ကန်းရက်လုပ်သည့် နေရာများ၊ဈေးပွဲတော်နေရာများနှင့်အခြားသွားရောက်လေ့လာနိုင်မည့်နေရာများကို အလွယ်တကူသွားရောက်နိုင်ရေးအတွက် လမ်းညွှန်ပြသပေးကြသည်။

ထို့နောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့လာရောက်ကြသည့်ဘုရားဖူးလာရဟန်းရှင်လူ၊ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း မြတ်စွာဘုရားရှင်၏တရားဓမ္မသံများ စိတ်ကြည်နူးဖွယ်ရာဖုံးလွှမ်းလျက်ရှိသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်ကာလအတွင်း ကုသိုလ်ထူးရရှိနိုင်ရေးအစီအစဉ်တစ်ခုအဖြစ် တန်ဆောင်မုန်းလပြည့်နေ့၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးသင်္ကန်းကပ်လှူပူဇော်သွားမည်ဖြစ်သည့်အတွက် ယနေ့ညနေပိုင်းမှ စတင်၍ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု ရက်ကန်းအဖွဲ့ ၁၅ ဖွဲ့တို့က မသိုးသင်္ကန်းကို အားကြိုးမာန်တက် စတင်ရက်လုပ်ယှဉ်ပြိုင်နေကြရာ အဆိုပါရက်ကန်းရက်လုပ်နေမှုကို အားပေးလေ့လာကြည့်ရှုကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ထို့ပြင် မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်၍ ပူဇော်ခြင်းကုသိုလ်ထူးကို ခံစားနိုင်စေရန်အတွက် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းပြိုင်ပွဲများကို စီစဉ်ဆောင်ရွက်ထားရှိသည့်အတွက်ကြောင့်လည်း ပြိုင်ပွဲမစတင်မီအစောပိုင်းကပင် ဘုရားပရိဝုဏ်အတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး တိုင်းရင်းသားရိုးရာအကအလှများ၊အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ အလှမီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်း၊ မီးပုံးပျံအသေးများ၊ ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများလွှတ်တင်ပူဇော်ခြင်းဖြင့်လည်း နေပြည်တော်တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

အလားတူ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LEDမီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာတည်ထားပူဇော်ထားသည့်ဘုရား၊စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင် တစ်ကြိမ်သာ ကြုံတွေ့ရမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့်ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ ကျောက်စာရုံစေတီ၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည်။ ဘုရားဖူးလာပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ရေပန်းဝိုင်းအသေးနေရာများ၌လည်း မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာအမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်ကောင်းများအဖြစ် တေးသံရှင်များ၏တန်ဆောင်တိုင်ပွဲတော်ကာလကိုဖော်ကြူးရေးဖွဲ့ထားသည့် တေးသီချင်းကောင်းများ၊ လူကြီး၊ လူငယ်အကြိုက် ခေတ်ဟောင်းနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုအပြင် ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုအဖြစ် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏ စီစဉ်မှုဖြင့် ဇာတ်မင်းသားဖိုးချစ်တို့အဖွဲ့နှင့်အတူ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ လာရောက်အားပေးနားဆင်ကြည့်ရှုကြသည့် အနုသုခုမဝါသနာရှင်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

အလားတူ ဘုရားဖူးလာပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာအစားအစာအရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုးဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များအားချစ်ခင်မြတ်နိုးစွာဖြင့် ဝယ်ယူအားပေးကြရာ ပစ္စည်းများ ပြတ်လပ်သည်ထိရောင်းချခဲ့ရကြောင်း သိရသည်။

ထို့ပြင် ဘုရားဖူးလာကလေးငယ်များအတွက်လည်း ကလေးကစားကွင်းထားရှိပေးထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကိုဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါတန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၅ ရက် တန်ဆောင်မုန်းလပြည့်နေ့တွင်လည်း စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပသွားမည်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်ည၏ ရသကို အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**



## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# တိုင်းစစ်ဌာနချုပ်များတွင် မဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ မဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၄**

မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲများကို တိုင်းစစ်ဌာနချုပ်များတွင် ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့ရှိ သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံမှ ကထိန်အနုမောဒနာတရားများ နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင်များ ဆက်ကပ်လှူဒါန်းကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ်သိန်း ၂၅၀ ကျော် တန်ဖိုးရှိ ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများပါဝင်သော ပဒေသာပင် ၁၅ ခုကို လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေ စုစုပေါင်းငွေကျပ်သိန်း ၄၃၀ ကျော်တန်ဖိုးရှိပဒေသာပင် ၁၁ခုကိုလည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများက လှူဒါန်းသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေ စုစုပေါင်းငွေကျပ် ၄၃၃ သိန်းကျော် တန်ဖိုးရှိသော ပဒေသာပင် ၃၉ ခုကိုလည်းကောင်း သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းဆင်းပွဲများ ကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၄**

နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်အသီးသီးမှ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ဆရာမများ၊ကျောင်းသား၊ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့်နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ပထမနှစ်အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ်အခြေခံစစ်ပညာသင်တန်းနှင့် ပထမနှစ်တန်းမြင့်စစ်ပညာသင်တန်းတို့ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ သင်တန်းများဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးခဲ့သည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းဆင်းပွဲများကို နေပြည်တော် ကောင်စီနယ်မြေတွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင်လည်းကောင်း၊မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မိုင်းမောမြို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင်လည်းကောင်း နယ်မြေခံသင်တန်းကျောင်းခန်းမများ၌ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများ၊သင်တန်းနည်းပြများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူ











များတက်ရောက်ကြပြီး တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် ဆုတံဆိပ်ရရှိကြသည့် ကျောင်းသား၊ကျောင်းသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများက အသီးသီး လက်ခံရယူကြသည်။ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြသည်။

သင်တန်းသား၊ သင်တန်းသူများ၏ ရင်းတွင်းစကားသံများကိုလည်း ယခုလို ကြားသိခဲ့ရပါတယ်-

"စိတ်ဝင်စားတဲ့ ဘာသာရပ်ကတော့ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု ဘာသာရပ်ပဲ ဖြစ်ပါတယ်ရှင်။ ပြီးတော့လက်နက်မဲ့ စစ်ရေးပြဘာသာရပ် ဖြစ်ပါတယ်ရှင်။ အကောင်းဆုံးစံပြဆုရတာကို ကျွန်မ အရမ်းဝမ်းသာပါတယ်။ ကြိုးစားခဲ့ရတာတွေ အရာထင်ခဲ့တယ်။ ပင်ပန်းခဲ့ရတာတွေ၊ ကျွန်မတို့ကျောင်းအတွက်လည်း အရမ်းဝမ်းသာ ဂုဏ်ယူရပါတယ်ရှင့်။ ဒီသင်တန်းကို နောက်ထပ်လာမယ့်သူတွေလည်း လာရောက်တက်သင့်တယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

"နိုင်ငံတော် ကာကွယ်ရေးဆိုတာ တပ်မတော်သားတွေမှာပဲ တာဝန်ရှိတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံသားတိုင်းမှာလည်း နိုင်ငံတော်ကာကွယ်ရေးနဲ့ ပတ်သက်ပြီးတော့ တာဝန်ရှိပါတယ်။ ကျွန်တော်ဆိုရင် အခြေခံဒုတိယနှစ်သင်တန်းကို ရောက်ရှိနေပြီဖြစ်ပါတယ်။ အခြေခံ ဒုတိယနှစ်သင်တန်းမှာဆိုရင် အခြေခံ ပထမနှစ်ကတော့ တပ်နဲ့ ပတ်သက်တဲ့ အခြေခံအကြောင်းအရာတွေ သင်ကြားရတာပါ။ အခြေခံဒုတိယနှစ် ရောက်သွားတော့ ပထမနှစ်ထက်တစ်ဆင့်မြင့်ပြီးတော့ ခုဆိုရင် တိုက်ပွဲဝင်နိုင်တဲ့ အဆင့်ထိပါ သင်ကြားပေးထားပြီးဖြစ်တဲ့ အတွက် လေ့ကျင့်သားပြည့်ဝနေပြီလို့ ပြောလို့ရမှာပေါ့လေ။ အဲဒါကြောင့် မလို့ ခုဆို ကျွန်တော်တို့လည်းပဲ တပ်မတော်သားတွေလိုပဲ လေ့ကျင့်သားပြည့်ဝတဲ့ တက္ကသိုလ် တပ်ဖွဲ့ဝင်တစ်ယောက်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးမှာ အရေးကြုံရင်တော့ လိုအပ်တဲ့နေရာကနေ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားဖို့လည်းရှိပါတယ်" ဟု ပြောသည်။

"ဒီသင်တန်းကို လာရောက်တက်ရတဲ့ အတွက်ကြောင့်မလို့ အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်ရတာတွေ။ နောက်မတူညီတဲ့ တက္ကသိုလ်ကနေတွေ့ရတဲ့ သူငယ်ချင်း အပေါင်းအသင်းတွေအချင်းချင်း ကူညီရိုင်းပင်းမှုတွေ သင်ခန်းစာတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ရတာတွေနဲ့ အပြင်မှာသင်ဖို့မလွယ်ကူတဲ့ စစ်ပညာတွေကို သင်ကြားရတဲ့ ကောင်းမွန်တဲ့အတွေ့အကြုံတွေရရှိပါတယ်။ ကျွန်မ ရရှိတဲ့ဆုကတော့ စံပြကျောင်းသူဆုရရှိခဲ့တာဖြစ်ပါတယ်။ ဒီဆုကိုရရှိခဲ့တဲ့အတွက် ကြောင့်မလို့ ကျေနပ်မှုရှိပါတယ်ရှင့်။ ဒီပညာတွေကို နိုင်ငံအတွက်အရေးတကြီး လိုအပ်တဲ့အခါမှာ လိုအပ်တဲ့ဘက်ကနေ စွမ်းစွမ်းတမံဆောင်ရွက်ဖို့ ခံယူချက်ရှိပါတယ်။ဒီစခန်းချလေ့ကျင့်ခြင်းကို သင်တန်းကျောင်းမှာဆိုရင် အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်ရတယ်။ သင်တန်းကိုလည်း ခက်ခက်ခဲခဲကြိုးစားရတယ်။ ဒီလိုကြိုးစားခဲ့ရတဲ့အပေါ်မှာ ဆရာ၊ဆရာမတွေရဲ့ ထောက်ပံ့ပေးမှုတွေရော၊ နည်းပြတွေရဲ့ ထောက်ပံ့ပေးမှုတွေရော၊ သင်တန်းသား အချင်းချင်း ရိုင်းပင်းကူညီမှုတွေနဲ့ အဘက်ဘက်ကနေကြိုးစားပြီး ရရှိခဲ့တဲ့ အတွက်ကြောင့်မလို့ ဂုဏ်ယူပါတယ်"ဟု ပြောသည်။

"နေရေးထိုင်ရေးအတွက် အဆင်ပြေအောင် စီစဉ်ထားရှိမှုတွေရှိပါတယ်။ ပြီးတော့ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းတွေ၊ ကိုယ်ခံပညာတွေကိုလည်း သင်ကြားပေးပါတယ်။ အခြေခံစစ်နည်းဗျူဟာတွေလည်း ကောင်းစွာသင်ယူရရှိခဲ့ပါတယ်။ ကျွန်တော်တို့သင်ကြားခဲ့ရတဲ့ အခြေခံ စစ်နည်းဗျူဟာတွေကိုလည်း နောင်အနာဂတ်မှာ ခေါင်းဆောင်ဖြစ်လာမယ် ကျွန်တော်တို့ရဲ့ ညီငယ်၊ညီမငယ်တွေကို ပြန်လည်ပြီးတော့လည်း မျှဝေပေးချင်ပါတယ်။ နိုင်ငံတော်ကာကွယ်ဖို့အတွက်က ကျွန်တော်တို့ လူငယ်မောင်မယ်တွေမှာလည်း တာဝန်ရှိတာဖြစ်တဲ့အတွက်ကြောင့် လူငယ်မောင်မယ်တွေကို အခြေခံစစ်နည်းဗျူဟာတွေကို ပြန်လည်မျှဝေပေးရင်းနဲ့ အနာဂတ်နိုင်ငံတော်ရဲ့ တာဝန်ကို တစ်ဖက်တစ်လမ်းကနေ ထမ်းဆောင်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

အဆိုပါသင်တန်းများတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၆၈ ဦးတို့ကို သင်တန်းကာလ ခုနစ်ပတ်ဖွင့်လှစ်၍ ကိုယ်လက်ကြံ့ခိုင်ရေးဘာသာရပ်၊မြန်မာ့သိုင်းဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှုဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ သဘောတရားရေးဆိုင်ရာဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာ ဘာသာရပ်၊ ကျန်းမာရေးနှင့်ရှေးဦးသူနာပြုဘာသာရပ်များနှင့် စက်ပစ်ကွင်းလက်တွေ့ပစ်ခတ်ခြင်း သင်ခန်းစာများကို လေ့ကျင့်သင်ကြားပေးခြင်းအပြင် အထွေထွေဗဟုသုတ ရရှိစေရေးအတွက် ပြင်ပလေ့လာရေး ခရီးစဉ်များကိုလည်း လိုက်ပါပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# သန်လျင်မြို့နယ်နှင့် ကော့မှူးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၄ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် ကော့မှူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက်တပ်နယ်များမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက အဆိုပါ ကျေးရွာများရှိ သတ်မှတ်နေရာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၂၇၈ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၄

တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

(၂၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

## ထူးခြားသည့် ညအပူချိန်များ (၁၄-၁၁-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၁၀ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၁၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၁၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၁၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင် လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့် ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ် သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းများအားလုံး နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန

ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံးကို နိုဝင်ဘာ ၂၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို နိုဝင်ဘာ ၁၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန

# ပြည်သူများသို့ အသိပေးကြေညာချက်

လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်သည့် လဝကရုံး(ဟစ်တိုင်)ဟု အမည်ပေးထားသော Facebook Group တွင် ပွဲစားများနှင့်ချိတ်ဆက်၍ နိုင်ငံသားစိစစ်ရေးကတ်(အတု)၊ Unique ID(UID) အတုများဖြင့် နိုင်ငံကူးလက်မှတ်လျှောက်ထားဆောင်ရွက်လျက်ရှိပြီး ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူလူထု၏လုံခြုံရေးကို များစွာထိခိုက်စေသဖြင့် ဝန်ကြီးဌာနက ယင်းဖြစ်စဉ်ကို စစ်ဆေးဖော်ထုတ်ခဲ့ရာ Jack But Jaxk အကောင့်ပိုင်ရှင် ချစ်မင်းခိုင်ပါ သုံးဦးကို သဃ်န်းကျွန်းမြို့မရဲစခန်းတွင်လည်းကောင်း၊ Aent Hmue အကောင့်ပိုင်ရှင် အံ့မှူးပါ ၁၁ ဦးကို မင်္ဂလာဒုံမြို့မရဲစခန်းတွင်လည်းကောင်း၊ ရဲထက်စိုးပါ ငါးဦးကို မြဝတီမြို့မရဲစခန်းတွင်လည်းကောင်း၊ သန့်ဇင်ထွန်းအား အင်းစိန်မြို့မရဲစခန်း၊ အောင်သူထက်အား စမ်းချောင်းမြို့မရဲစခန်း၊ ခင်မောင်ကျော်အား မော်လမြိုင်မြို့မရဲစခန်းနှင့် ထက်မြတ်အောင်အား ဒလမြို့မရဲစခန်းတွင်လည်းကောင်း တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအမှုဖွင့်လှစ်ဆောင်ရွက်ခဲ့ရသည်။

သို့ဖြစ်ပါ၍ ရုံးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများ၏ မသိနားမလည်မှုအပေါ် အခွင့်ကောင်းယူ၍ ငွေကြေးရယူအမြတ်ထုတ်သူများကို ထိရောက်စွာဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် e-ID စနစ်ဖြင့် UID နံပါတ်ရယူလိုသည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝက မြို့နယ်ရုံးများတွင် မိမိကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့်အတူ လူကိုယ်တိုင်သွားရောက်၍ အခကြေးငွေကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်ကြောင်း၊ လုပ်ငန်းဆိုင်ရာအခက်အခဲများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eID Dept မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်း များ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့နယ်များ၌ တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်ကို သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား လေးဦးအား သက်သေခံပစ္စည်းများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက် ဗိုလ်ချုပ်လမ်းမဘေးရှိ First Rate Mobile ဖုန်းဆိုင်သို့ အမျိုးသား လေးဦး(စိစစ်ဆဲ)က နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် သေနတ်များကိုင်ဆောင်၍ ဝင်ရောက်လာပြီး ဆိုင်ဝန်ထမ်းများကို ကြမ်းပြင်၌ မှောက်ခိုင်းထားကာ ဆိုင်၏နောက်ခန်းအတွင်း ဖုန်းပြင်နေသော ဆိုင်ဝန်ထမ်းဖြစ်သူ ကိုဟိန်းမြတ်သူ ၂၁ နှစ်ကို သေနတ်ဖြင့် ပစ်ခတ်၍ ဆိုင်အတွင်းရှိ iPhone အမျိုးအစား လက်ကိုင်ဖုန်း အလုံး ၂၀၊ တန်ဖိုးငွေကျပ် ၁၁၂ သိန်းခန့်ကို လုယက်ယူဆောင်ထွက်ပြေးသွားခဲ့ပြီး ဖြစ်စဉ်အတွင်း ကိုဟိန်းမြတ်သူတွင် ကျည်ထိမှန်ဒဏ်ရာ တစ်ချက်ရရှိကာ သေဆုံးသွားခဲ့သဖြင့် တာချီလိတ်မြို့မရဲစခန်းတွင် (ပ)၁၆၈/၂၀၂၄၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၉၂/၃၀၂/၃၄ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံများ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်ကို သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုကျူးလွန်သူ တရားခံများအား သက်သေခံပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှ လုယက်မှုကျူးလွန်သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ဖန်ပင်ကျေးရွာအုပ်စု ဝမ်ကျောက်လုံကျေးရွာရှိ ဦးဆမ်ကြွက်(စိစစ်ဆဲ)၏ အငှားနေအိမ်လိုင်းခန်းတွင် လုယက်မှုကျူးလွန်သူ တရားခံများ ခိုအောင်းရောက်ရှိနေထိုင်လျက်ရှိကြောင်း သတင်းအရ ယင်းနေ့ ည ၁၂ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအငှားနေအိမ်လိုင်းခန်းသို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့သည်။

ထိုသို့ဝင်ရောက်ရှာဖွေစဉ် အဆိုပါအငှားနေအိမ်လိုင်းခန်းရှိ အခန်းအမှတ်(၁၀)အတွင်းမှ လုယက်မှုကျူးလွန်ခဲ့သူ တရားခံများက သေနတ်များဖြင့် စတင်ပစ်ခတ်ကာ ထွက်ပြေးရန် ကြိုးစားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သူ တရားခံများဖြစ်ကြသည့် လားရှိုးမြို့နယ် နယ်မြေ(၁၉) ရပ်ကွက်(၁၂)နေ ဖန်လီ ၃၄ နှစ် (ဘ) ဦးဖန်ကျင်းလျှမ်ပါ အမျိုးသား လေးဦးကို အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး အချင်းဖြစ်နေရာကို အသေးစိတ်စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် BWHE 610 Glock အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် နှစ်တောင့်၊ ကျည်အိမ် နှစ်ခု၊ အမေရိကန်နိုင်ငံထုတ် ZEV အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် နှစ်တောင့်၊ ကျည်အိမ် တစ်ခု၊ အသံတိတ်ပြောင်း တစ်ခု၊ အမေရိကန်နိုင်ငံထုတ် SIGSAUER အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ် တစ်ခု၊ ဩစတြေးလျနိုင်ငံထုတ် TARAN TACTICAL INNOVATION (COMBAT MASTER) အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် သုံးတောင့်၊ ကျည်အိမ် တစ်ခု၊ အသံတိတ်ပြောင်း တစ်ခု၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခု၊ ယာဉ်မောင်းလိုင်စင်ကတ်တစ်ခု၊ SHN-12 1K-7890 ယာဉ်နံပါတ်ပြား တပ်ဆင်ထားသည့် TOYOTA WISH အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့် အနက်ရောင်လက်ဆွဲအိတ်အတွင်း ထည့်ထားသော လုယက်မှုကျူးလွန်ရာမှ ရရှိသည့် လက်ကိုင်ဖုန်း ၁၂ လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် First Rate Mobile ဖုန်းဆိုင်အတွင်း ဝင်ရောက်ကာ လူသေဆုံးစေသည်အထိ သေနတ်ဖြင့်ပစ်ခတ်၍ လုယက်မှုကျူးလွန်သူ တရားခံ လေးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်တိုအတွင်း သက်သေခံပစ္စည်းများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(မဝသ)

# ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ် ၁၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၃ ရက်က နေအိမ် ၁၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ကန့်ဘလူမြို့နယ်အတွင်း ဒေသခံပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရန်နှင့် အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ခြင်းမရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပြဋ္ဌာန်းထားသည့် ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကို တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် သတင်းမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သတင်းရရှိသည်။

(မဝသ)



# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု (ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |


၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ဝတ္ထုတိုကဏ္ဍ

# သားတော်ကြီး

ထွန်းလှိုင်(မြိုင်)



သားတော်ကြီး ဆရာမောင်တင်ထွေး အလုပ်ဝင်တာ ဆယ်နှစ်ကျော်ပြီ။ ကျွဲ၊ နွား ကာကွယ်ဆေးထိုး၍ မရသောရွာ တစ်ရွာတွေ့ဖူးသည်။ နွားကောင်ရေ ၂၀၀ ကျော်ရှိ၏။ ကာကွယ်ဆေးထိုးချိန်ရောက်တိုင်း လုပ်ငန်းချိန် အခိုင်းပျက်မှာကြောက်၍ ဟုဆိုသည်။ နွားတွေ လွတ်သွားလို့ပါဟုလည်းကောင်း၊ အလှူပွဲရှိ၍လူတွေမအားလို့ပါဟုလည်းကောင်း အကြောင်းပြ၏။ အသက်ကြီးကြီး၊ အဘိုးအိုများကတော့ ကာကွယ်ဆေးထိုးလျှင် ဝမ်းသာသွားသည်။ (ယခင်ကျောက်ကာကွယ်ဆေးထိုးစဉ် တွေ့ရ၏) ဆေးထိုးပြီး ဘုကျန်နေသည်ဟု (လည်ချောင်းရောဂါ အဆီဆေးကြောင့် အဆင်မသင့်လျှင် ဖြစ်တတ်၏) တစ်ခါတွေ့ဖူးသည်ကို အသေမှတ်ထားကြသည်။

သူကြီးမင်းကတော့ ရွာသားတွေ ဆန္ဒကို လွန်ဆန်၍မရကြောင်း ပြောသည်။ ရွာထဲက လူတွေ၊ နွားတွေ နေထိုင်မကောင်းလျှင် ကန်တော့ပွဲပေးပြီး ဆေးကုသကြောင်း အလုပ်အားလျှင် အင်္ဂရုတ်လည်း ထိုးကြောင်း၊ ဘိုးတော်ထွန်းအုံးပြီးလျှင် တစ်ရွာလုံး ပြီးကြောင်း ပြောသည်။ သြော် ဒီလိုအဖြစ်မျိုးတွေလည်း ရှိတတ်ပါလားဟု ဆရာမောင်တင်ထွေး နယ်ဆင်းမှသိရ၏။

ဒီသတင်း ကြားလျှင်ကြားချင်း ဆရာမောင်တင်ထွေး အင်္ဂရုတ် ထိုးနည်း၊ လုံအကြောင်း၊ ခတ်လုံး အကြောင်း၊ ရွှေဖြစ်၊ ငွေဖြစ် ထွက်ရပ်ပေါက်စတဲ့ ဘိုးတော်ဂိုဏ်းဆရာများအကြောင်း လေ့လာမှတ်သားတော့သည်။ တွေ့သမျှလူ မေးရတော့၏။ သူငယ်ချင်းဖြစ်သူ ဘိုးတော်အုန်းသွင်ကို သတိရမိ၏။ ဘိုးတော်အုန်းသွင်က အရောင်းအဝယ်လုပ်သည်။ နယ်စုံသည်။ အပေါင်းအသင်း ဆန့်သည်။ သူ့မိန်းမက သားဖွားဆရာမ။ သူက အရောင်းအဝယ်လုပ်ရင်းနဲ့ အင်္ဂရုတ်ထိုးလိုက်တာ ရှိသည့်ပစ္စည်းများကုန်သွားတော့သည်။ တစ်နေ့လည်း "မိန်းမ မင်းလက်ကောက်လေး ပေးပါဦး၊ ဆွဲကြိုးလေးပေးပါဦး" နောက်ဆုံး နားကပ်ပါကုန်သွား၏။ ရွှေမတိုးသည့်အပြင် ရှိတဲ့ရွှေတွေကုန်သွား၏။ ရွှေဖြစ်၊ ငွေဖြစ် မအောင်မြင်တော့ ထွက်ရပ်ပေါက် ပြောင်းသွား၏။ တစ်နေ့တစ်နေ့ ခတ်လုံးပွတ်လိုက်၊ ကြည့်လိုက်နှင့် အချိန်ကုန်နေ၏။

ကိုအုန်းသွင်ဆီ ဆရာမောင်တင်ထွေး ရောက်သွား၏။ ကိုအုန်းသွင်၏ ဇနီးက –

"ဆရာ့ သူငယ်ချင်းကို ဒီလိုဘဲ ဆက်ကြည့်နေတော့မှာလား။ စားစရာလဲ မရှိတော့ဘူး။ ကလေးတွေလဲ ကျောင်းဆက်ထားရအုံးမယ်။ ကျွန်မလခနဲ့ ဘယ်လိုမှ မလောက်တော့ဘူး" ဟု ညည်းတွားနေ၏။ ဆရာမောင်တင်ထွေးက–

"ပြောတော့လဲ ပြောတာပဲ။ ဒီကောင်ကြီးက တစ်ဇွတ်ထိုး လုပ်တတ်တယ်။ ဒါဖြင့် ဒီလို လုပ်ဟာ" ဟုဆိုကာ အကြံပေးလိုက်၏။

"အိုး အသက်သေတာ မှတ်လို့၊ ကျိုးရှုံ့ပဲ့ရုံလောက်တော့ ကိစ္စမရှိဘူး၊ ဆေးကုယူမယ်။ ဘိုးတော်လိုင်းပြတ်ဖို့အရေးကြီးတယ်" ဟု ကိုအုန်းသွင်၏ဇနီးဆရာမက ပြန်ပြောလေ၏။

ဆရာမောင်တင်ထွေး ဘိုးတော်အုန်းသွင် အိမ်မှ ပြန်သွားပြီးနောက်ပိုင်းမှာတော့–

"ကိုအုန်းသွင် ထမင်းကြော်နဲ့ ရေနွေးသောက်ရအောင်" ဟု ခေါ်လိုက်၏။

ကိုအုန်းသွင် ခတ်လုံးပွတ်ရင်း ရောက်လာ၏။ ဇနီးဖြစ်သူက နောက်တစ်ကြိမ် ခေါ်လိုက်ပြန်၏။ ထိုအခါ ဘိုးတော်အုန်းသွင်က–

"ငါ ဒီနား ရောက်နေတာ ကြာလှပြီဟ"

ထိုအခါ ဇနီးဖြစ်သူက –

"ဘယ်မှာတုံး မမြင်ရဘူးတော်၊ လာစားမှာသာ စားပါ။ နောက်မှ ခတ်လုံးကြည့်ပါ"

"ဒီမှာဟ နင့်အနား ထိုင်နေတာ"

"တကယ်ပါတော်။ ရှင်နဲ့ပေါင်းလာတာ ဆယ့်လေးငါးနှစ်ရှိပြီ ဘယ်လိမ်ပါ့မလဲ"

ထိုအခါ ဘိုးတော်အုန်းသွင်က "တောက်" တစ်ချက် ခေါက်လိုက်ပြီး–

"အောင်ပြီ အောင်ပြီ" ဟု ထအော်တော့သည်။ ဒီလိုနဲ့ လေးငါးရက်လောက် ဆက်တိုက် သူ့ဇနီးက မမြင်ဟန်ဆောင်သည်ဟု ဆို၏။

တစ်ပတ်လောက်ရှိတော့ ဘိုးတော်အုန်းသွင် ခတ်လုံးတန်ခိုးအစွမ်းထက်သည်ဟု ထင်သွား၏။ ဇနီးတင်မက သားသမီးများပါ မြင်ရက်သားနှင့် မမြင်ချင်ဟန်ဆောင်ပြီး "အဖေဘယ်မှာလဲ" ဖြစ်ကုန်ကြ၏။ အိမ်နီးချင်းများကလည်း "ဘိုးတော်ဘိုးတော်" နှင့် မြင်ရက်သားနှင့်မမြင်ချင်ယောင်ဆောင်ပြီး ခေါ်နေတော့သည်။ ဒီလိုနဲ့ ကိုအုန်းသွင်တစ်ယောက် ခတ်လုံးတန်ခိုးနှင့် ကိုယ်ပျောက်သွားပြီဟု ထင်သွား၏။ သည်နေ့တော့ ဘိုးတော်အုန်းသွင် အိမ်နီးချင်းများအပြင် မိတ်ဆွေလေးငါးယောက်နှင့်သူ့မိသားစု ခေါ်လိုက်သည်။ ဘိုးတော်အုန်းသွင်က အိမ်ခေါင်မိုးပေါ်တက်သွားကာ ခတ်လုံးကို ပါးစပ်ထဲငုံလိုက်သည်။ အောက်မှ "ဘိုးတော်ဘယ်မှာလဲ" ဟု လှမ်းအော်သည်။ ထိုအခါ ဘိုးတော်အုန်းသွင်က–

"ကျုပ် ခေါင်းမိုးပေါ်မှာ ရှိတယ်။ မင်းတို့ အရှေ့ ရောက်ခတ်လုံးတန်ခိုးနဲ့ လာခဲ့မယ်" ဟု ဆိုကာ ခေါင်မိုးပေါ်မှ 'ဝုန်း'ခနဲ ခုန်ချလိုက်တော့သည်။ အင့်ခနဲကျကာ ဘိုးတော်အုန်းသွင် မထနိုင်တော့ပါ။

"နာတယ် နာတယ် ခြေထောက်ထောက်လို့ မရတော့ဘူး" ဟု အော်နေတော့သည်။ ဘိုးတော်အုန်းသွင် ခြေထောက်ကျိုးသွားလေပြီ။ ပေနှစ်ဆယ်ကျော်မြင့်သည့် အိမ်ခေါင်မိုးပေါ်က ခုန်ချတာ ခြေမကျိုးခံနိုင်ရိုးလား။ ခတ်လုံးလည်း ဘယ်ထွက်ကျသွားမှန်း မသိတော့။

အိမ်နီးချင်းများနှင့် သူ့ဇနီးက ဘိုးတော်ကို နွားလှည်းဖြင့် တိုက်နယ်ဆေးရုံသို့ ပို့လိုက်ကြတော့သည်။ ဆေးရုံမှာ ဆယ်ရက်လောက်နေပြီး ကျောက်ပတ်တီးစည်းကာ နှစ်လလောက် ဆေးကုလိုက်ရပါတော့သည်။ နောက်တော့ ခတ်လုံး အကြောင်း မပြောတော့။ အင်္ဂရုတ်ဖိုကြီးလည်း ဖျက်ပစ်လိုက်ပြီ။ နေကောင်းသွားတော့ အရောင်းအဝယ် ပြန်လုပ်နေပြီ။ ဘိုးတော်ဇနီး ဆရာမကတော့ စိတ်ထဲမှာ ကျိတ်ပြီး ဆရာမောင်တင်ထွေးကို ကျေးဇူးတင်နေမိ၏။

ယခု ဘိုးတော်ကတော့ မြှောက်ပင့်ပြီး ဆရာမောင်တင်ထွေး ကျွဲ၊ နွားတွေ ကာကွယ်ဆေးကုသ ဆေးထိုးရအောင် စည်းရုံးမည်။ ဒီတစ်ခေါက် ဘိုးတော်ရှိတဲ့ ရွာကို အထုပ်အပိုးနှင့် ဆေးလွယ်အိတ်ပါ ပြင်ဆင်ပြီး တပည့်ကျော် မောင်မြတ်ကျော်နှင့်အတူ လှမ်းခဲ့၏။ သူကြီးမင်း အိမ်ရောက်တော့ အကျိုးအကြောင်း ပြောပြလိုက်၏။ ထိုအခါ သူကြီးမင်းက–

"အတော်ပဲ ဆရာထွေး မနက်ဖြန် ဘိုးတော်ပွဲ ရှိတယ်။ တစ်ရွာလုံး အန္တရာယ်ကင်းအောင်ဆိုပြီး ရွာထိပ်မှာ ရွာသားတွေ ဝေယျာဝစ္စ လုပ်နေကြတယ်။ ကျွန်တော်တို့ သွားကြတာပေါ့ဗျာ" ဟု ဆိုသည်။

သူကြီးနှင့်အတူ ရွာထိပ်သို့ ထွက်လာ၏။ ဘိုးတော်ကို အဆင်သင့် တွေ့လိုက်ရ၏။ အသားဖြူဖြူ၊ အရပ်ထောင်ထောင်မောင်းမောင်း၊ မျက်လုံးမျက်ဖန် ကောင်း၏။ ပိတ်ဖြူကို ဝတ်ဆင်ထား၏။ ဥပဓိရုပ်ကောင်း၏။ အသက်ငါးဆယ်ကျော်လောက် ရှိလိမ့်မည်။ သူကြီးက မိတ်ဆက်ပေး၏။

ထိုအခါ ဆရာမောင်တင်ထွေးက–

"ဘိုးတော်အကြောင်း ကြားနေတာ ကြာပါပြီ။ အခုမှ တွေ့ဖူးတော့တယ်။ ဘိုးတော်တန်ခိုးနဲ့ သားကြီးလဲ ကြည့်ရှုစောင့်ရှောက်တော်မူပါ" လို့ လက်အုပ်ချီပြီး ဂါရဝပြုလိုက်သည်။

ထိုအခါ ဘိုးတော်က ညာလက်ဖြင့် ဆရာမောင်တင်ထွေး ဦးခေါင်းကို ထိစေလျက်–

"အေး သားကြီး အန္တရာယ်ကင်းပါစေ၊ လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေပါစေ၊ ဘိုးတော်မမှာပေ့" ဟု အောင်ဆုပေးလိုက်၏။ တစ်ဆက်တည်း–

"သူကြီးမင်း ညနေကျရင် ဆရာလေးကို ခေါ်ခဲ့ပါ။ အိမ်မှာ ဒါနပြု မှာမို့ သားကြီး ဆက်ဆက်လာခဲ့နော်" ဟုလည်း ဖိတ်မန္တက ပြုလိုက်သေး၏။ ဆရာမောင်တင်ထွေးအဖို့တော့ အပျိုရှာ ကညာတွေ့၊ အချိုရှာ သကာတွေ့ပြီ။ ကျွဲ၊ နွား ကာကွယ်ဆေးထိုးဖို့အရေး ဘိုးတော်နှင့် ဆရာမောင်တင်ထွေး၊ ဆရာ မောင်တင်ထွေးနှင့် ဘိုးတော် တွေ့ကြတော့မည်။ လိုတရ ဆရာမောင်တင်ထွေး ဖြစ်ရမည်ဟု ကြံစည်လိုက်၏။ ညနေပိုင်းမှာ သူကြီးမင်းနှင့်အတူ ဘိုးတော်အိမ် ရောက်သွား၏။ ရွာသားဆယ်လေးငါးယောက် ရှိလိမ့်မည်။ ကန်တော့ပွဲ ပြင်ဆင်နေကြ၏။ ဆရာမောင်တင်ထွေး ကလည်း ကန်တော့ပွဲတစ်ပွဲ ဒါနပါဝင်လိုက်၏။ လောလောဆယ် တစ်ဆယ့်ငါးကျပ်ခန့် ကုန်သွားသည်။

ဘိုးတော်အိမ်မှာ သူကြီးမင်းနှင့်အတူ ဆရာမောင်တင်ထွေးတို့ဆရာတပည့်နှစ်ယောက်ပါ ထမင်းစားကြ၏။ ထမင်းဝိုင်းသာမက ရေနွေးဝိုင်းမှာပါ ဘိုးတော်နှင့် ဆရာမောင်တင်ထွေး စကားပြောမပြတ်လေပေးတည့်သွား၏။ ခတ်လုံးအကြောင်း၊ ခတ်ပြားအကြောင်း ဆွေးနွေးရင်းက ဆရာမောင်တင်ထွေး ဘိုးတော်အိမ်တွင် ညအိပ်ဖြစ်၏။ သူကြီးမင်းနှင့် မောင်မြတ်ကျော် ပြန်သွားပြီး ဘိုးတော်ခတ်ခန်းတွင် ဆရာမောင်တင်ထွေး ဖိုဆွဲပေးနေ၏။

စိတ်ဝင်စားဖို့ ကောင်းသည်။ ညအချိန်မတော် စိတ်တွေ ဘယ်မှမပျံ့လွင့်။ ဖိုဆွဲတိုင်း မီးလင်းဖိုကို အာရုံရောက်နေ၏။ ဘိုးတော်ကတော့ ခတ်လုံး အကြောင်း ပြောပြနေ၏။ ဆရာမောင်တင်ထွေး အတွက်လည်း ဒီတစ်ခါ လုံဖော်လျှင် ခတ်လုံးတစ်လုံး ပေးမည်ဟု ဆို၏။ ဖိုဆွဲရင်းနှင့် မနက်သုံးနာရီလောက်မှ အိပ်ရာဝင်ခဲ့၏။

မနက် ခုနစ်နာရီလောက်မှ နိုးကာ ကပျာကသီ အိပ်ရာမှ ထနိုင်သည်။ ကိုယ်လက်သန့်စင်ပြီး ဘိုးတော်ပွဲကျင်းပမည့်နေရာသို့ သွားလိုက်၏။ သူကြီးမင်းနှင့် မောင်မြတ်ကျော်လည်း ရောက်လာ၏။ တဖြည်းဖြည်းနှင့် ရွာသားများလည်း ရောက်လာကြ၏။ ဘိုးတော်က ကန်တော့ပွဲတွေ လိုက်ကြည့်ရင်း ဆရာမောင်တင်ထွေးကို သူ့အနားခေါ်လိုက်၏။

"သားကြီး အိပ်ရေးရော ဝရဲ့လား။ အခုပဲ အခေါ်လွှတ်တော့မလို့"

ဆရာမောင်တင်ထွေးကတော့ ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ သူကြီးမင်းကတော့ ပြုံးပြုံးကြီး လုပ်နေသည်။ အစီအစဉ်က ရှစ်နာရီလောက် စမှာဆိုတော့ လူတွေတဖြည်းဖြည်းနဲ့ များလာ၏။ ကန်တော့ပွဲတွင် ဒါနပြုသူတွေက ငွေ ငါးကျပ်တန်၊ တစ်ဆယ်ကျပ်တန်တွေ လိပ်ပြီး ထည့်ကြ၏။ အချို့က သိဒ္ဓိတင်ရန် တဘက်၊ လက်ကိုင်ပဝါ၊ ခတ်လက်စွပ်၊ ခတ်လက်ကောက်များ၊ ကန်တော့ပွဲထဲ ထည့်ကြသည်။ ရေမွှေးပုလင်းကတော့ ကြီးကြီးသေးသေး နှစ်ဆယ်လောက် ရှိမည်။

"သားကြီးကရော ဘာသိဒ္ဓိတင်အုံးမလဲ" ဟု ဘိုးတော်က မေးလိုက်၏။ ဆရာမောင်တင်ထွေး က တပည့်ကျော် မောင်မြတ်ကျော်ကို မျက်နှာရိပ်ပြ၊

စာမျက်နှာ ၂၅ သို့ ➤

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၃၀၅၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



မြောင် နိုဝင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၁၃၀၅၂ ဧကထိနုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၂၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၃၀၅၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၆ ဒသမ ၀၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မြေပဲ ၁၅၂၆၂ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ နုတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက၁၃၀၀၀ ကျော်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

(၂၀၆)

# ပုဗ္ဗသီရိမြို့နယ် သပြေစမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုနယ်မြေနေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေစမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်း တာဝန်ခံက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂၃ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သပြေစမ်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၂၅၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၇၂ သိန်း စုစုပေါင်းအသင်းသား၊အသင်းသူ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

➤ **စာမျက်နှာ ၂၄ မှအဆက်**

မျက်နှာကဲ ပြလိုက်၏။ မကြာခင် မောင်မြတ်ကျော်က ဆေးလွယ်အိတ်ကြီးချပေးလိုက်၏။ ကုသဆေးပုလင်းများ၊ ကာကွယ်ဆေးပုလင်းများ၊ ဆေးလွယ်အိတ်ထဲမှ ထုတ်ကာ ကန်တော့ပွဲထဲ ထည့်ထားလိုက်၏။ ပြီးတော့ တစ်ဆက်တည်း-

''သားတော် ဆေးတွေ စွမ်းအောင် သိဒ္ဓိတင်ပေးပါ။ ဒီဆေးတွေနဲ့ရွာထဲက နွားတွေ ကျန်းမာအောင် ဆေးကုချင်ပါတယ်။ အနီးအနားရွာက နွားတွေလည်း ဆေးထိုးပေါ့မယ်။ ဘိုးတော် မစပေးပါ'' ဟုပြောလိုက်ရာ ဆရာမောင်တင်ထွေး ကြားဖူးတာရော မကြားဖူးတာပါ ဘိုးတော်ရွတ်ဖတ်နေတော့သည်။ တစ်နာရီလောက်မှာတော့ သပြေခက်နှင့် ခတ်လုံးရေတွေ၊ ဆရာမောင်တင်ထွေး ဆေးဝါးတွေ၊ သိဒ္ဓိတင်ထားသည့် ပစ္စည်းတွေ၊ လူတွေပါ မကျန် ပက်ဖျန်းပါတော့သည်။ ရွာသားများက ''အောင်ပြီ အောင်ပြီ'' ဟု အော်ပေးနေကြ၏။ ဆရာမောင်တင်ထွေးလည်း ရောယောင်အော်လိုက်၏။ ဘိုးတော်က ခတ်လုံးစိမ်ထားသော ရေများကို တစ်ယောက်ပြီးတစ်ယောက် တိုက်နေ၏။ ကန်တော့ပွဲ အခမ်းအနားပြီးသွားပြီ။ ဆရာမောင်တင်ထွေးလည်း ဘိုးတော်ကို နှုတ်ဆက်ဂါရဝပြုပြီး သူကြီးအိမ်သို့ ခပ်သွက်သွက်လှမ်းလာခဲ့၏။

သူကြီးမင်းအိမ်ရောက်တော့ နေ့လယ်ဘက် နွားတွေ ကာကွယ်ဆေးထိုးရန် စီစဉ်လိုက်၏။ သူကြီးမင်းက ပြုံးစိစိနှင့်-

“ဘိုးတော်တင်ထွေး မြန်လှချည်လား”တဲ့။

''မြန်ရမယ် သူကြီးမင်းရေ တော်ကြာ ဘိုးတော်ပွဲ မပြီးသေးလို့ပါလို့ သူကြီးမင်းက အကြောင်းပြနေဦးမယ်'' လို့ ဆရာမောင်တင်ထွေး ခပ်နောက်နောက် ပြောလိုက်၏။

နေ့လယ်ဘက်မှာတော့ ဘိုးတော်တန်ခိုးနှင့် နွားအကောင် ၁၉၀ ကျော် ဒေါင့်သန်းကာကွယ်ဆေးထိုးလိုက်ရ၏။ အမှန်တော့ ကုသဆေး၊ ကာကွယ်ဆေးက အစွမ်းထက်ပြီးသားပါ။ တစ်ရွာလုံးဆေးထိုးရအောင် ဆရာမောင်တင်ထွေး ကြံလိုက်ခြင်းဖြစ်သည်။ နောက်များတော့ နေကောင်းသော နွားများပင် ဆရာမောင်တင်ထွေးနှင့် ဆေးကုကြ၏။ ဆေးအစွမ်းကြောင့် ရောဂါပျောက်သည်ကိုပင် ဘိုးတော်ခတ်လုံးအစွမ်းကြောင့် ပျောက်သည်ဟု ပြောသည့်သူက ပြောကြသေးသည်။ ဒီလတော့ ကာကွယ်ဆေးထိုးစီမံကိန်းလည်း ပြည့်သွားပြီဖြစ်၍ အင်စပက်တော်မင်းလည်း ပူညံပူညံလုပ်မှာ မဟုတ်တော့။

သုံးနှစ်လောက်ကြာတော့ ဘိုးတော်သတင်းကြားရ၏။ အိမ်မှာ စုန်းလိုလို၊ နတ်လိုလို ပူးနေသည့် ၁၆နှစ်အရွယ် ကလေးမလေးတစ်ယောက် ဆေးလာကုနေရာက မယားကြီးကိုထားပြီး ခိုးပြေးသွားကြောင်း သိရ၏။ ဩော် ဖြစ်မှဖြစ်ရလေ ဘိုးတော်ရယ်။ ဆရာမောင်တင်ထွေးမှာဖြင့် အမေ့ကို အနစ်နာခံ၊ အပြောခံကာ ကန်တော့ပါရဲ့။ ကျွဲ၊ နွားတွေ ကာကွယ် ဆေးထိုးရန် အရေး ''သားတော်ကြီး သားတော်ကြီး''နဲ့ အခေါ်ခံလိုက်ရတာ သိမှသိပါလေစ။

## တို့ပြည်ကို တို့ချစ် တို့စိတ်လည်း မြင့်

– မည်းမှောင်ညို့ မျက်နှာထားနဲ့
မိုးမင်းသား ခုပြန်ပါ၊
ဟန်ရေးကြွယ် မင်းအနမ်းကြောင့်
လမ်းပျက်နိုင်ရာ၊
ကထိန်ပွဲ မြိုင်ဆိုင်စွာ
ကျောင်းတော်မှာ ကိန်းစံမွေ့၊
မြောက်ပြန်လေ ယိမ်းတစ်အုပ်နဲ့
မြင့်ထုပ်ကို ပွေ့။

– တို့ရိုးရာ တို့ဓလေ့
မမေ့ခဲ့ တို့ပြည်သူ၊
မြတ်စိတ်ဆောင် ပေါင်းဆုံစုတဲ့
တို့ပြု အလှူ၊
ပေးဖြစ်ခဲ့ သဒ္ဓါဖြူဖြူ
ကုသိုလ်အယူ ကောင်းမွန်ဘက်၊
တို့နိုင်ငံ တို့ပြည်ဝန်းက
ထွန်းအောင်ဂုဏ်ဆက်။

– ကြည့်တက်လျှင် အဘက်ဘက်
တိုးတက်ပေါ့ ပြည်တစ်ခွင်၊
တို့ဘာသာ တို့လေးစားလို့
တရားလည်း မင်၊
တို့အမျိုး တို့ချစ်ခင်
စာနယ်ဥ် ရင်ထဲထုံး၊
ထက်အောက်နွယ် တို့သွေးချင်းတို့
ချစ်ခြင်းနဲ့ပြုံး။

– ကိုယ်စီဝယ် အကောင်းဆုံး
ခြယ်မှုန်းမည့် စိတ်ကူးရှည်၊
ကိုယ့်မေတ္တာ ပန္နက်ရိုက်လို့
စိုက်ခဲ့ပေါ့လေ၊
ပြည်ချစ်တဲ့ ပြည်သူတွေ
ညီတူပေ အတွေးမြတ်၊
ကမ္ဘာမှာ
အခါခါ ထီးတစ်မိုးနဲ့
မြန်မာ''မဟာ'' ကမ္ပည်းထိုးနိုင်ဖို့
(အောင်စိတ်တို့)
တိုးဆင့်ဆင့်ထပ်။ ။

ချမ်းမြေ့(ဇလွန်မြေ)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အင်ဒိုနီးရှားနိုင်ငံ စီဂျွန်ဂျန်နယ်မြေတွင် ရေကြီးရေလျှံမှုအခြေအနေတည်ငြိမ်လာပြီဖြစ်



ဂျကာတာ နိုဝင်ဘာ ၁၄

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆုမတြားစီရင်စုရှိ စီဂျွန်ဂျန်နယ်မြေတွင် နိုဝင်ဘာ ၁၁ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး နိုဝင်ဘာ ၁၃ ရက်တွင် မိုးရေချိန်ကျဆင်းလာခဲ့ပြီးနောက် ရေကြီးရေလျှံမှု အခြေအနေ တည်ငြိမ်လာပြီဖြစ်ကြောင်း Meteorology, Climatology and Geophysics Agency (BMKG) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘာတန်ဆမ်ပူမြစ်နှင့် ဘာတန်အွမ်ဘီလင်မြစ်တို့၌ မြစ်ရေလျှံတက်မှုဖြစ်ပေါ်ခဲ့ပြီး အနီးပတ်ဝန်းကျင်ရှိ ကျေးလက်ဒေသငါးခုတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း အဆိုပါကျေးလက်ဒေသငါးခုတွင် ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့သလို ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုမျိုးလည်း မရှိခဲ့ကြောင်း Meteorology, Climatology and Geophysics Agency (BMKG) က အတည်ပြုထုတ်ပြန်ခဲ့သည်။

"နိုဝင်ဘာ ၁၁ ရက်လောက်ကစပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ပါတယ်။ နိုဝင်ဘာ ၁၂ ရက်မှာတော့ ဘာတန်ဆမ်ပူမြစ်နဲ့ ဘာတန်အွမ်ဘီလင်မြစ်တွေမှာ မြစ်ရေလျှံတက်မှုတွေဖြစ်ပေါ်ခဲ့တယ်။ မြစ်ရေလျှံတက်မှုကြောင့် စီဂျွန်ဂျန်နယ်မြေမှာရှိတဲ့ ကျေးလက်ဒေသငါးခုထိ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒါပေမဲ့ နိုဝင်ဘာ ၁၃ ရက်မှာတော့ မိုးရေချိန်ကျဆင်းသွားတဲ့အတွက် ရေကြီးရေလျှံမှုအခြေအနေ ပြန်လည်တည်ငြိမ်လာတယ်။ မိုးရွာသွန်းမှုအပေါ်မူတည်ပြီးတော့ ရေကြီးရေလျှံမှုအပြောင်းအလဲ ရှိလာနိုင်တဲ့အတွက် မိုးရွာသွန်းမှုကိုပဲ စောင့်ကြည့်သွားရမယ်" ဟု Meteorology, Climatology and Geophysics Agency (BMKG) မှ ပြောရေးဆိုခွင့်ရှိသူ မီဖရီဇွန်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# နယူးဂျာစီတောမီးလောင်ကျွမ်းမှုတွင် သံသယရှိသည့်ဆယ်ကျော်သက်လူငယ်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထား

ဝါရှင်တန် နိုဝင်ဘာ ၁၄

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် ဘာလင်တန်ကောင်တီအနီးတွင် အောက်တိုဘာ ၃၁ ရက်က လောင်ကျွမ်းခဲ့သော တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်ပြီး သံသယရှိသည့် ဆယ်ကျော်သက်လူငယ်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားကြောင်း နယူးဂျာစီရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် သဘာဝအလျောက် လောင်ကျွမ်းခဲ့သော တောမီးမဟုတ်ကြောင်း နယူးဂျာစီရဲတပ်ဖွဲ့က အတည်ပြုခဲ့ပြီးနောက် နယူးဂျာစီရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သံသယရှိသူများကို စုံစမ်းဖော်ထုတ်ခဲ့ရာ နိုဝင်ဘာ ၁၃ ရက်တွင် သံသယရှိသူကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားခြင်းဖြစ်ကြောင်း သိရသည်။

"အောက်တိုဘာ ၃၁ ရက်က ဖြစ်ပွားခဲ့တဲ့ တောမီးလောင်ကျွမ်းမှုနဲ့ပတ်သက်ပြီး ရှို့မီးဖြစ်ကြောင်း သံသယရှိတဲ့အတွက် မီးပေါ့ဆသူကို ရှာဖွေဖော်ထုတ်ခဲ့ပါတယ်။ သံသယရှိသူဟာ အသက် ၁၄ နှစ်အရွယ် မာလ်တန်ဒေသခံ အမျိုးသားတစ်ယောက်ဖြစ်ပြီးတော့ ရဲစခန်းမှာ ဖမ်းဆီးထိန်းသိမ်းထားပါတယ်။ မီးရှို့မှု၊ ထိခိုက်ဒဏ်ရာရရှိစေမှု ဒါမှမဟုတ်ပျက်စီးဆုံးရှုံးစေမှုပုဒ်မတွေနဲ့ တရားစွဲဆိုထားပါတယ်"ဟု နယူးဂျာစီရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ သံသယရှိသူသည် အသက် ၁၄ နှစ်အရွယ်သာရှိသေးသည့် မာလ်တန်ဒေသခံ ဆယ်ကျော်သက်အရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း၊ အဆိုပါ သံသယရှိသူ ဆယ်ကျော်သက်လူငယ်ကို မီးရှို့မှု၊ ထိခိုက်ဒဏ်ရာရရှိစေမှု သို့မဟုတ် ပျက်စီးဆုံးရှုံးစေမှုပုဒ်မတို့ဖြင့် တရားစွဲဆိုထားပြီး ပြစ်မှုထင်ရှားပါက ကြီးလေးသောပြစ်ဒဏ်ဖြင့် ရင်ဆိုင်သွားရဖွယ်ရှိနေကြောင်း နယူးဂျာစီရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# တိုင်ဖွန်းမုန်တိုင်း တိုရာဂျီ တိုက်ခတ်မှုကြောင့် ဟောင်ကောင်တွင် စာသင်ကျောင်းများနှင့် အရောင်းအဝယ်လုပ်ငန်းတချို့ ပိတ်ထားရ

ပေကျင်း နိုဝင်ဘာ ၁၄

တရုတ်နိုင်ငံ ဟောင်ကောင်မြို့တွင် နိုဝင်ဘာ ၁၂ ရက်ကတိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်းတိုရာဂျီကြောင့် ယနေ့တွင် ဟောင်ကောင်ရှိစာသင်ကျောင်းများနှင့်အရောင်းအဝယ်လုပ်ငန်းတချို့ ပိတ်ထားရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဒေသဆိုင်ရာ အာဏာပိုင်များက တိုင်ဖွန်းမုန်တိုင်း တိုရာဂျီသည် အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း အသွင်ပြောင်းလဲနိုင်သဖြင့် သတိပေးချက် ထုတ်ပြန်ခဲ့ပြီးနောက် ဟောင်ကောင်တွင် စာသင်ကျောင်းများနှင့် အရောင်းအဝယ်လုပ်ငန်းအများအပြားကို ချက်ချင်းပိတ်ခဲ့ကြောင်း၊ ဟောင်ကောင်သည် စီးပွားရေးအချက်အချာ မြို့ဖြစ်သည့်အတွက် မြို့တော်၏ စတော့ရှယ်ယာဈေးကွက်ကို အရောင်းအဝယ်ပြုလုပ်ရန် ဖွင့်ထားဆဲဖြစ်ကြောင်း၊ ထို့ပြင် မုန်တိုင်းတိုက်ခတ်နေစဉ်အတွင်း မြို့တော်၏လေဆိပ်အာဏာပိုင်များက လေကြောင်းခရီးစဉ်လုပ်ငန်းများနှင့် ပျံသန်းမှုများ ပုံမှန်အတိုင်းလည်ပတ်နေကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။



မုန်တိုင်းအရှိန်ကြောင့် မြို့လယ်ကောင်ရှိ လမ်းများ၊ လူနေအိမ်နှင့် အခြေခံအဆောက်အအုံတချို့ အနည်းငယ် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပတ်သက်ပြီး မသိရှိရသေးကြောင်း၊ မုန်တိုင်းအခြေအနေ တည်ငြိမ်မှသာ စစ်တမ်းကောက်ယူရမည်ဖြစ်ကြောင်း ဟောင်ကောင်မြို့တော်၏ စောင့်ကြည့်လေ့လာရေးဌာနက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : KZ

# စပိန်နိုင်ငံရေကြီးမှုအတွင်း ပျောက်ဆုံးနေသည့် ကလေးနှစ်ဦး၏အလောင်းကို ရှာဖွေတွေ့ရှိခဲ့

မက်ဒရစ် နိုဝင်ဘာ ၁၄

စပိန်နိုင်ငံ ဗလန်စီယာနယ်မြေတွင် အောက်တိုဘာ ၂၉ ရက်က ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုအတွင်း ပျောက်ဆုံးနေသည့် ကလေးငယ်ညီအစ်ကိုနှစ်ဦး၏ ရုပ်အလောင်းများကို နိုဝင်ဘာ ၁၃ ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း မြို့ပြအစောင့်တပ်ဖွဲ့က အတည်ပြုခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးမှုအတွင်း ပျောက်ဆုံးနေသည့် ကလေးနှစ်ဦး၏အလောင်းကို နှစ်ပတ်ကြာရှာဖွေပြီးမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အသက်သုံးနှစ်အရွယ်ရှိ ရူဗန်နှင့် အသက် ငါးနှစ်အရွယ်ရှိ အီဇန်တို့ ညီအစ်ကိုနှစ်ဦး၏ ရုပ်အလောင်းကို ဗလန်စီယာနယ်မြေ၏ မြို့ဆင်ခြေဖုံးရှိ ၎င်းတို့၏နေအိမ်မှ ၁၀ ကီလိုမီတာအကွာတွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း မြို့ပြတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် ဗလန်စီယာနယ်မြေ၌ ရေဘေးကြောင့် ပျောက်ဆုံးခဲ့သူများကို ရှာဖွေရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# ပါကစ္စတန်နိုင်ငံတွင် ရေကြီးရေလျှံမှုကာကွယ်ရေးအတားအဆီးတည်ဆောက်ရန် ဂျပန်အစိုးရက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅ သန်းခွင့်ပြု

အစ္စလာမ်မာဘတ် နိုဝင်ဘာ ၁၄

ပါကစ္စတန်နိုင်ငံတွင် အင်ဒက်မြစ်ကြောင်းတစ်လျှောက် ဒေသများတွင် ဆိုးရွားသောရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး ရေကြီးရေလျှံမှု ကာကွယ်ရေးအတားအဆီးများ တည်ဆောက်သွားရန်အတွက် လိုအပ်သောဘတ်ဂျက်ကို ဂျပန်နိုင်ငံသို့ အကူအညီတောင်းခံခဲ့ရာ ဂျပန်အစိုးရက နိုဝင်ဘာ ၁၃ ရက်တွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅ သန်း ခွင့်ပြုပေးလိုက်ကြောင်း ပါကစ္စတန်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပါကစ္စတန်နိုင်ငံ၏ ရေကြီးရေလျှံမှုကာကွယ်ရေး အတားအဆီးများ တည်ဆောက်ရန်အတွက် ဂျပန်အစိုးရက အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅ သန်းထိ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက်တွင် အခမ်းအနားဖြင့် ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့တွင် သဘောတူညီမှုစာချုပ်ချုပ်ဆိုကာ ပံ့ပိုးငွေခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

"ပါကစ္စတန်နိုင်ငံရဲ့ ရေကြီးရေလျှံမှုအတားအဆီး တည်ဆောက်ရေးစီမံကိန်းအတွက် ဂျပန်အစိုးရက ပံ့ပိုးငွေအပ်ဖို့ ခွင့်ပြုပေးလိုက်ပြီဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ သံတမန်ဖြစ်တဲ့ မစ်ဆူဟီရိုရဲ့ သဘောတူညီမှုစာချုပ်မှာ တရားဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါတယ်။ ရေဘေးသင့်ဒေသတွေမှာ ရေဘေးအန္တရာယ်လျှော့ချရေးစီမံကိန်းတွေကို စတင်အကောင်အထည်ဖော်နိုင်တော့မှာပါ" ဟု ပါကစ္စတန်စီးပွားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် အင်ဒက်မြစ်ကြောင်းတစ်လျှောက် ရေကြီးရေလျှံမှု ကာကွယ်ရေး အတားအဆီးနေရာပေါင်း ၄၅ နေရာတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၇၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ နိုဝင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၇၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၂၈၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နေကြာ ၂၇၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပြည်တွင်းစားသုံးဆီဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး နေကြာ ၁၂၈၀၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ နေကြာ ၂၇၂၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာစိုက်ပျိုးဖို့နဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးတက်စေဖို့နဲ့အရည်အသွေးကောင်းမွန်စေဖို့အတွက် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ဖို့ ကူညီဆောင်ရွက်ပေးပါတယ်။ ဒေသခံတောင်သူတွေက နေကြာကို သီးသန့်စိုက်ပျိုးကြသလို အခြားသီးနှံတွေနဲ့ ရောနှောပြီး သီးညှပ်စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရတာအဆင်ပြေတဲ့အတွက် နေကြာစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နေကြာစိုက်ပျိုးရေးလုပ်ငန်းကို စိုက်ပျိုးစရိတ် အကုန်အကျသက်သာပြီး သီးနှံဝင်ငွေ ပိုမိုရရှိသည့်အတွက် နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး အားထား စိုက်ပျိုးကြကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးကောင်းသီးနှံများထွက်ရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သွင်းအားစုပစ္စည်းများ စနစ်တကျသုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# တောင်တွင်းကြီးမြို့နယ် ငါန်းကျကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

တောင်တွင်းကြီး နိုဝင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ငါန်းကျကျေးရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ငါန်းကျကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်၊ ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ငါန်းကျကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အရှည်ပေ ၁၈၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းတို့ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ခုနစ်သိန်း စုစုပေါင်းငွေကျပ် ၁၅၇ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နွဲ့ယဉ်

# စနေနေ့ညကစားမဲ့ နေရှင်းလိဂ်ပြိုင်ပွဲမှာ အသင်းလိုက်ကစားပုံကောင်းနေတဲ့ ဂျော်ဂျီယာအသင်း၊ ဆလိုဗက်ကီးယားအသင်း၊ ဟန်ဂေရီအသင်းတို့ကို အားပေးရမှာပါ

ML



ဒီတစ်ပတ်မှာတော့ အမှတ်ပေးပွဲစဉ်တွေ ရပ်နားပြီး နိုင်ငံတကာပြိုင်ပွဲတွေ ကစားသွားမှာဖြစ်ပါတယ်။ နိုင်ငံပြိုင်ပွဲတွေဟာ အမှတ်ပေးပွဲစဉ်တွေလောက် ပရိသတ်စိတ်ဝင်စားမှုမများပေမဲ့ ဒီတစ်ပတ်ကစားမဲ့ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွေကတော့ အုပ်စုနောက်ဆုံးပွဲစဉ်တွေ ဖြစ်လာတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာပါတယ်။ နိုင်ငံပြိုင်ပွဲတွေဟာ ကစားသမားတွေရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ထက် အသင်းလိုက်ကစားအားနဲ့ ရေကုန်ရေခန်းကစားနိုင်တဲ့ အသင်းတွေက ရလဒ်ပိုကောင်းလေ့ရှိတာကြောင့် အသင်းကြီး၊ အသင်းငယ်ဆိုပြီး လျှော့တွက်မရဘဲ နိုင်လိုစိတ်ပြင်းထန်တဲ့အသင်းတွေကိုသာ သတိထားချဉ်းကပ်ရမှာပါ။ ဒါကြောင့် စနေညကစားမဲ့ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲမှာ အသင်းလိုက်ကစားအားကောင်းပြီး အဆုံးအဖြတ်ဂိုးတွေ သွင်းယူနိုင်စွမ်းရှိတဲ့ ကစားသမားတွေပိုင်ဆိုင်ထားတဲ့အသင်းတွေကိုသာ အဓိကအားပေးရမှာဖြစ်ပါတယ်။

### ဂျော်ဂျီယာအသင်းနဲ့ လက်တွဲရမှာပါ

ယူအီးအက်ဖ်အေနေးရှင်းလိဂ် (B) အုပ်စု(၁) မှာ အကြိုက်တွေ့မိတာကတော့ ဂျော်ဂျီယာအသင်းနဲ့ ယူကရိန်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့မှာ ယူကရိန်းကတစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့ပေမဲ့ ခြေစွမ်းပိုင်းကွာခြားချက်မရှိခဲ့ဘဲ ဂျော်ဂျီယာကသာ ပိုမိုဖိအားပေးနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ လေးပွဲကစားအပြီးမှာ ဂျော်ဂျီယာက ရမှတ်ခြောက်မှတ်နဲ့ အဆင့်(၂)၊ ယူကရိန်းက ရမှတ်လေးမှတ်နဲ့ ဇယားအောက်ဆုံးရောက်နေတာကို တွေ့ရမှာပါ။ ယူကရိန်းဟာ အခုပွဲစဉ်ကိုရှုံးခဲ့ရင် လာမဲ့ရာသီမှာ လိဂ်(C ) ကို တန်းဆင်းရဖို့ သေချာနေတာကြောင့် ဥရောပကလပ်တွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေနဲ့ စုဖွဲ့လာတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ဂျော်ဂျီယာနဲ့ယှဉ်ရင် တစ်ဦးချင်းစွမ်းဆောင်ရည်ပိုကောင်းပေမဲ့ အသင်းလိုက်ကစားအားမှာတော့ ဂျော်ဂျီယာက သာနေတာကို တွေ့ရမှာပါ။ ယူကရိန်းဟာ ပြီးခဲ့တဲ့လေးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးခဲ့ပြီး တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးသွင်းယူနိုင်လို့ တိုက်စစ်ကစားအားကောင်းပေမဲ့ ခံစစ်ကတော့ တည်ငြိမ်မှုမရသေးတာကြောင့် အမှတ်ပေးဇယားအောက်မှာ ရောက်နေတာဖြစ်ပါတယ်။

ဂျော်ဂျီယာအသင်းဟာ အုပ်စုလေးပွဲကစားခဲ့ရာမှာ ချက်အသင်းကို လေးဂိုးတစ်ဂိုး၊ အယ်ဘေးနီးယားကို တစ်ဂိုးဂိုးမရှိ အနိုင်ရခဲ့ပေမဲ့ ယူကရိန်းကို တစ်ဂိုးဂိုးမရှိ၊ အယ်ဘေးနီးယားကို ဒုတိယအကျော့မှာ တစ်ဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တာကို တွေ့ရမှာပါ။ အခုအုပ်စုမှာ ဂျော်ဂျီယာဟာ အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ ချက်အသင်းနဲ့ ရမှတ်တစ်မှတ်သာ ကွာတာကြောင့် အခုပွဲကို အနိုင်ရရင် လိဂ်(A) ကို တန်းတက်ခွင့်ရဖို့ အခွင့်အရေးရမှာဖြစ်ပါတယ်။ ဒါကြောင့် ယူကရိန်းကို အိမ်ကွင်းမှာ တိုက်စစ်အသားပေး ကစားလာနိုင်သလို ယူကရိန်းရဲ့ တောင်ပံတိုက်စစ်အားကို ထိန်းချုပ်ဖို့ ပြင်ဆင်လာမှာ သေချာပါတယ်။ ဂျော်ဂျီယာဟာ နည်းပြ ဝီလီလက်ထက်မှာ လူငယ်ကစားသမားတွေနဲ့ ကစားပုံတိုးတက်လာခဲ့ပြီး ကစားသမားကောင်းတွေ ပေါ်ထွက်လာတာကြောင့် အခုပွဲမှာ ခံစစ်ကစားပုံအားနည်းတဲ့ ယူကရိန်းအသင်းကို အိမ်ရှင်အားနဲ့ ဖိအားပေးလာမဲ့ ဂျော်ဂျီယာအသင်းနဲ့ လက်တွဲရမှာပါ။

#### ဂျော်ဂျီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပိန် | ၄ | - | ၁ | ဂျော်ဂျီယာ |
| ဂျော်ဂျီယာ | ၄ | - | ၁ | ချက် |
| အယ်ဘေးနီးယား | ၀ | - | ၁ | ဂျော်ဂျီယာ |
| ယူကရိန်း | ၁ | - | ၀ | ဂျော်ဂျီယာ |
| ဂျော်ဂျီယာ | ၀ | - | ၁ | အယ်ဘေးနီးယား |

#### ယူကရိန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ယူကရိန်း | ၀ | - | ၀ | ဘယ်လ်ဂျီယံ |
| ယူကရိန်း | ၁ | - | ၂ | အယ်ဘေးနီးယား |
| ချက် | ၃ | - | ၂ | ယူကရိန်း |
| ယူကရိန်း | ၁ | - | ၀ | ဂျော်ဂျီယာ |
| ယူကရိန်း | ၁ | - | ၁ | ချက် |

### ဆလိုဗက်ကီးယားအသင်းကို ရွေးချယ်ရမှာပါ

နေးရှင်းလိဂ် အုပ်စု (C ) မှာ အကြိုက်တွေ့တာကတော့ ဆွီဒင်အသင်းနဲ့ ဆလိုဗက်ကီးယားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ လိဂ်(C ) အုပ်စု(၁) မှာ အဇာဘိုင်ဂျန်၊ အက်စ်တိုးနီးယားတို့နဲ့ ကစားခဲ့ရတာဖြစ်ပြီး အုပ်စုလေးပွဲအပြီးမှာ နှစ်သင်းစလုံး ရမှတ် ၁၀ မှတ်ရခဲ့ပေမဲ့ ဆွီဒင်က ဂိုးကွာခြားချက်အသာနဲ့ ဇယားထိပ်မှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ ဆွီဒင်ဟာ နောက်ဆုံးနှစ်တွေမှာ ကစားသမားကောင်းပေါ်ထွက်လာခြင်းမရှိတာကြောင့် နေးရှင်းလိဂ်မှာ လိဂ် (C ) ထိ ဆင်းခဲ့ရတာဖြစ်ပြီး လက်ရှိမှာ လိဂ်(B) ကို တန်းတက်ဖို့ အခွင့်အရေး ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ အသင်းရဲ့ ခံစစ်ကစားပုံက တိုက်စစ်ကောင်းတဲ့ အသင်းတွေကို ပုံမှန်ဂိုးပေးနေရတဲ့ အခြေအနေက အဆုံးအဖြတ်ပွဲတွေမှာ ရမှတ်ဆုံးရှုံးခဲ့တာကို သတိပြုရမှာပါ။ အခုပွဲဟာ နှစ်သင်းစလုံးအတွက် အဆုံးအဖြတ်ဖြစ်ပေမဲ့ ဆွီဒင်အိမ်ကွင်းဖြစ်နေတာကြောင့် ဆလိုဗက်ကီးယားထက် အားသာချက်ဖြစ်နေတာကို တွေ့ရမှာပါ။ ဒ့ါပြင် ဆွီဒင်ဟာကို ကာရက်စ်၊ အစ်ဆက်ခ်၊ ကူလူဆက်စကီးတို့လို ထိပ်တန်းကစားသမားတွေကို ပိုင်ဆိုင်ထားတာကြောင့် ဆလိုဗက်ကီးယားကို ပွဲချိန်ပြည့် ဖိအားပေးနိုင်မှာပါ။

ဆလိုဗက်ကီးယားအသင်းကလဲ အခုအုပ်စုမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေကစားနိုင်ခဲ့ပြီး ဆွီဒင်နဲ့ ရမှတ်တူနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်မှာ ပုံမှန်ဂိုးသွင်းတဲ့ ကစားသမားမရှိပေမဲ့ ကွင်းလယ်နဲ့ ခံစစ်က အတွဲဖက်မိနေတာကြောင့် ခြေရည်တူအသင်းတွေကိုတော့ ဖိအားမရှိဘဲ အနိုင်ကစားနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဆလိုဗက်ကီးယားအသင်းဟာ ပြီးခဲ့တဲ့ယူရိုပြိုင်ပွဲမှာဆို ခြေစွမ်းပိုင်းမာကျောတဲ့ ဘယ်လ်ဂျီယံကို အနိုင်ယူပြီး ရိုမေးနီးယားကို သရေကစားနိုင်ခဲ့လို့ရှုံးထွက်အဆင့်ထိ တက်ရောက်ခဲ့သလို ရှုံးထွက်အဆင့်မှာ အင်္ဂလန်ကို နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ အဲ့ဒီပွဲမှာ အင်္ဂလန်ကို ပွဲချိန်ပြည့် တန်ပြန်တိုက်စစ်ကနေ အမြင့်ဘောတွေ၊ အဝေးကန်ချက်တွေနဲ့ ဖိအားပေးသွားခဲ့ပြီး အချိန်ပိုထိကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။ ဒီနှစ်သင်း ကစားသမားစုဖွဲ့မှုမှာ ဆွီဒင်ကသာနေပေမဲ့ အသင်းလိုက်ကစားအားနဲ့ တွန်းတွန်းတိုက်တိုက်ကစားရာမှာတော့ ဆလိုဗက်ကီးယားကသာနေတာကို တွေ့ရမှာပါ။ အကျော့ပေးမှုမှာ ဆွီဒင်က တစ်ဂိုးနဲ့နိုင်ရင် ခပ်ပါးပါးပဲပျော်ခွင့်ရမဲ့ အခြေအနေဖြစ်တာကြောင့် တန်ပြန်တိုက်စစ်ကောင်းတဲ့ ဆလိုဗက်ကီးယားအသင်းကို ရွေးချယ်ရမှာပါ။

#### ဆွီဒင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆွီဒင် | ၀ | - | ၃ | ဆားဘီးယား |
| အဇာဘိုင်ဂျန် | ၁ | - | ၃ | ဆွီဒင် |
| ဆွီဒင် | ၃ | - | ၀ | အက်စ်တိုးနီးယား |
| ဆလိုဗက်ကီးယား | ၂ | - | ၂ | ဆွီဒင် |
| အက်စ်တိုးနီးယား | ၀ | - | ၃ | ဆွီဒင် |

#### ဆလိုဗက်ကီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၂ | - | ၁ | ဆလိုဗက်ကီးယား |
| အက်စ်တိုးနီးယား | ၀ | - | ၁ | ဆလိုဗက်ကီးယား |
| ဆလိုဗက်ကီးယား | ၂ | - | ၀ | အဇာဘိုင်ဂျန် |
| ဆလိုဗက်ကီးယား | ၂ | - | ၂ | ဆွီဒင် |
| အဇာဘိုင်ဂျန် | ၁ | - | ၃ | ဆလိုဗက်ကီးယား |

### ဟန်ဂေရီအသင်းကို အားပေးရမှာပါ

နေးရှင်းလိဂ် (A) မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ နယ်သာလန်နဲ့ ဟန်ဂေရီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နယ်သာလန်အသင်းဟာ လိဂ် (A ) အုပ်စု(၃) မှာ ဂျာမနီ၊ ဘော့ဇနီးယား၊ ဟန်ဂေရီတို့နဲ့ တစ်အုပ်စုတည်း ကျရောက်နေတာဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့ တွေ့ဆုံမှုမှာတော့ ဟန်ဂေရီက သရေကစားနိုင်ခဲ့ပြီး ဦးဆောင်ဂိုးနဲ့ ဖိအားပေးနိုင်ခဲ့တာကို တွေ့ရမှာပါ။ နယ်သာလန်အနေနဲ့ အုပ်စုလေးပွဲမှာ ဘော့ဇနီးယားကိုသာနိုင်ခဲ့ပြီး ဂျာမနီကို ပထမအကျော့မှာ သရေ၊ ဒုတိယအကျော့မှာ ရှုံးခဲ့သလို ဟန်ဂေရီကို ပထမအကျော့မှာ သရေသာ ကစားနိုင်ခဲ့တာကြောင့် ရမှတ်ငါးမှတ်နဲ့ အဆင့်(၂) မှာ ရပ်တည်နေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အခုအုပ်စုမှာ လက်ကျန်နှစ်ပွဲကို နိုင်ခဲ့ရင်တောင် ဂျာမနီနဲ့ ရမှတ်ငါးမှတ်ထိကွာဟနေလို့ နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးနည်းနေတာကို တွေ့ရမှာပါ။

ဟန်ဂေရီအသင်းဟာ အခုအုပ်စုမှာ ဂျာမနီ၊ နယ်သာလန်တို့နဲ့ ယှဉ်ရင် စုဖွဲ့မှုအားနည်းတယ်ဆိုပေမဲ့ အသင်းလိုက်ကစားအားမှာတော့ ယှဉ်ကစားနိုင်စွမ်းရှိတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အုပ်စုလေးပွဲမှာ ဂျာမနီကို ဂိုးပြတ်ရှုံးခဲ့ပေမဲ့ ဘော့ဇနီးယား၊ နယ်သာလန်တို့နဲ့ ပွဲမှာ ရမှတ်ခွဲယူနိုင်ခဲ့လို့ နယ်သာလန်နဲ့ ရမှတ်တူဂိုးကွာခြားချက်နဲ့ အဆင့်(၃) မှာ ရှိနေတာဖြစ်ပါတယ်။ ဟန်ဂေရီအသင်းဟာ နယ်သာလန်နဲ့ယှဉ်ရင် စုဖွဲ့မှုအားနည်းပေမဲ့ ခံစစ်ကစားပုံနဲ့ တန်ပြန်တိုက်စစ်ကောင်းနေတာကြောင့် ပထမအကျော့မှာဆို နယ်သာလန်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ခဲ့ပြီး အခွင့်အရေးတစ်ကြိမ်မှာ တစ်ဂိုးသွင်းယူခဲ့တာကို သတိပြုရမှာပါ။ အထူးသဖြင့် တောင်ပံတိုက်စစ်အားကောင်းတဲ့ နယ်သာလန်ကို နေရာလွတ်မရှိအောင် ထိန်းချုပ်နိုင်ခဲ့ပြီး ကွင်းလယ်ကနေ အဝေးကန်ချက်တွေနဲ့ ဖိအားပေးသွားနိုင်လို့ သရေတစ်မှတ်ရခဲ့တယ်လို့ ဆိုရမှာပါ။ အခုပွဲစဉ်ဟာ နယ်သာလန်အိမ်ကွင်းဖြစ်ပေမဲ့ အကျော့ပေးမှုက နယ်သာလန်က တစ်ဂိုးနဲ့နိုင်ရင်တောင် တစ်ဝက်လောက်ဆုံးရှုံးမဲ့ အခြေအနေဖြစ်နေပြီး ဟန်ဂေရီအသင်း ခံစစ်အားပြုကစားလာမယ်ဆိုရင် ပုံမှန်ဂိုးသွင်းခြေစွမ်းပျောက်နေတဲ့ နယ်သာလန်တိုက်စစ်ပိုင်းအခက်တွေ့နိုင်လို့ ဟန်ဂေရီအသင်းကို အားပေးရမှာပါ။

#### နယ်သာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နယ်သာလန် | ၁ | - | ၂ | အင်္ဂလန် |
| နယ်သာလန် | ၅ | - | ၂ | ဘော့ဇနီးယား |
| နယ်သာလန် | ၂ | - | ၂ | ဂျာမနီ |
| ဟန်ဂေရီ | ၁ | - | ၁ | နယ်သာလန် |
| ဂျာမနီ | ၁ | - | ၀ | နယ်သာလန် |

#### ဟန်ဂေရီ အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စကော့တလန် | ၀ | - | ၁ | ဟန်ဂေရီ |
| ဂျာမနီ | ၅ | - | ၀ | ဟန်ဂေရီ |
| ဟန်ဂေရီ | ၀ | - | ၀ | ဘော့ဇနီးယား |
| ဟန်ဂေရီ | ၁ | - | ၁ | နယ်သာလန် |
| ဘော့ဇနီးယား | ၀ | - | ၂ | ဟန်ဂေရီ |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၄-၁၁-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၇၁၈။ | ဦးမြင့်အောင်နှင့်ဇနီး ဒေါ်အေးအေးသွင် မိသားစုကောင်းမှု | ၁၁၀၀၀၀၀ |
| ၉၇၁၉။ | ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ဝင်းမြင့် မိသားစုကောင်းမှု | ၁၁၀၀၀၀၀ |
| ၉၇၂၀။ | ဒေါ်ခင်စန်းလွင် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၇၂၁။ | ကွယ်လွန်သူဖခင်ကြီးဦးနေအောင်နှင့် (သား)မောင်ညွန့်နိုင်တို့အားရည်စူး၍ ဒေါ်မြတင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၉၇၂၂။ | ကွယ်လွန်သူ ဆရာမကြီးဒေါ်ခင်စန်းအားရည်စူး၍ ဦးစစ် မိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၉၇၂၃။ | ဗိုလ်မှူးကြီးနိုင်မြင့်ဇော်နှင့်ဇနီး ဒေါ်ထားထားအောင်၊ (သား) မောင်သန့်အာဏာ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၂၄။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်လှသန်းခိုင်၊ သား/သမီး/မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၂၅။ | ဦးချိုနှင့်ဇနီး ဒေါ်မြင့်ခင် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၂၆။ | ကွယ်လွန်သူနှစ်ဖက်မိဘများနှင့် ဒုတိယဗိုလ်မှူးကြီးသိန်းလင်း (ငြိမ်း)အားရည်စူး၍ ကျန်ရစ်သူဒေါ်ခင်ခင်အေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၂၇။ | ဦးအောင်ဆန်းရွှေနှင့်ဇနီး ဒေါ်အေးအေးမော် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၂၈။ | ကွယ်လွန်သူသားမောင်ကျော်လင်းစိုးအားရည်စူး၍ ဗိုလ်ကြီးကျော်တင့်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်စန်းစန်းတင့် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၂၉။ | ဦးအောင်သိန်းနှင့်ဇနီး ဒေါ်သန်းသန်းထွေး မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၃၀။ | ဦးသန်းဦးနှင့်ဇနီး ဒေါ်မြင့်မြင့်သိန်း မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၃၁။ | ကွယ်လွန်သူ ဦးစိန်မြင့်အားရည်စူး၍ ဇနီး ဒေါ်ညွန့်ရင်နှင့် သား/သမီး/မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၂။ | ဦးအေးမြင့်နှင့်ဇနီး ဒေါ်သန်းညွန့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၃။ | ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန်းမြင့် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၃၄။ | ဦးအောင်လွင်နှင့်ဇနီး ဒေါ်မေမေချို၊ သား/ သမီး/ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၅။ | ဖခင်ဦးစိုးမြင့်နှင့် မိခင်ဒေါ်မြင့်မြင့်အေးတို့အား အမှူးထား၍ (သား)ကိုထွန်းမြင့်ခိုင်နှင့်ဇနီး မအေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၆။ | မအမရာခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၇။ | ကွယ်လွန်သူ မိဘဘိုးဘွားများနှင့် ဒေါ်ကြည်ကြည်ဝင်းတို့အားရည်စူး၍ ဦးစောလွင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၈။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်မြသီတာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၉။ | ဦးအေးသီဟနှင့်ဇနီး ဒေါ်ခင်စန္ဒာဝင်း၊ (သား)မောင်မင်းထိပ်သီဟ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၀။ | ဦးအောင်ရွှေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၁။ | ကွယ်လွန်သူ မိခင်ကြီးဒေါ်မြင့်သောင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၂။ | ကွယ်လွန်သူ ဦးညွန့်ဝင်းအားရည်စူး၍ ဒေါ်ဝင်းဝင်းလှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၃။ | ဦးအောင်ကြည်လင်းနှင့်ဇနီး ဒေါ်သိန်းသိန်းထွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၄။ | ကွယ်လွန်သူ မိခင်ဒေါ်အေးအားရည်စူး၍ သမီးမတင်မာချို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၅။ | ဒေါ်စန်းကြူနှင့်သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၆။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဦးရဲမြင့်နှင့်ဇနီး ဒေါ်ခင်စန်းဝေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၇။ | ဦးတိုးတိုးထွေးနှင့်ဇနီး ဒေါ်နှင်းနွယ်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၈။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်မာတင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၄၉။ | ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန်းငွေ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၇၅၀။ | ဦးခင်မောင်ထွန်းနှင့်ဇနီး ဒေါ်သန်းသန်းစိုး၊ (သား)မောင်တေဇာအောင်၊ (သမီး)မစိုးစန္ဒာထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၁။ | ဦးစိန်အေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၂။ | ဦးမြသိန်းနှင့်ဇနီး ဒေါ်စိန်နု မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၃။ | ဦးအောင်မျိုးဦးနှင့်ဇနီး ဒေါ်သင်းသင်းစိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၄။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်ဦး၊ (သား)ဦးအောင်ကိုကိုနှင့်ဇနီး ဒေါ်ချိုအေးမွန်ထွေး၊ သမီးဒေါ်လှစန္ဒာဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၅။ | ဦးဇော်မင်းနှင့်ဇနီး ဒေါ်မြတ်ကေခိုင်၊ (သမီး) စန္ဒာရားကေဇော်ရှင်းသန့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၆။ | ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့်ခင်ပွန်းအားရည်စူး၍ ဒေါ်ဆွေဆွေသန့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၇။ | ဦးထက်လွင်နှင့်ဇနီး ဒေါ်စန်းစန်းအေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၈။ | ဦးသက်ထွန်းအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၉။ | ဦးဘရွှေနှင့်(သား)မောင်ဘုန်းမြတ်ကျော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၀။ | ဦးတင်မောင်ကျင်နှင့်ဇနီး ဒေါ်ခင်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၁။ | ဦးကိုငွေးနှင့်ဇနီး ဒေါ်ခင်မာငွေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၂။ | ဦးကျော်မင်းထွန်းနှင့်ဇနီး ဒေါ်ရီရီချို မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၃။ | ဦးမော်ဝင်းနှင့်ဇနီး ဒေါ်တင်တင်ဝင်း၊ (သမီး)မချစ်စုဝင်း၊ (သား)မောင်ရန်ပိုင်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၄။ | ဦးကြည်အောင်နှင့်ဇနီး ဒေါ်ဝင်းတင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၅။ | ကိုစိုးဝင်းနိုင်နှင့်ဇနီး မနန်းမြဟန် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၆။ | မသွန်းစက်နွယ်၊ မောင်သူရိန်သန့်စင် မောင်နှမတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၇။ | ဦးထွေးထွန်းအောင်နှင့်ဇနီး ဒေါ်သစ်သစ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၈။ | ဒေါ်ခင်စန်းဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၉။ | ဒေါ်စန်းစန်းလှိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ဝ၃၄၃ဝ၂ဝ၁ဝ၇ဝဝ၂၈၇ဝဝ၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်၁၂နှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့် (ပုံစံ-၇) ရရှိထားသူများနှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသူများ သိရှိနိုင်ရန်ကြေညာချက်

ရက်စွဲ ၊ ၁၃-၁၁ - ၂၀၂၄

၁။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Mandalay Business Capital City Development ltd., တို့သည် မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မန္တလေးမြို့ ရေကြီးရေလျှံမှုလျှော့ချနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုခဲ့ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ကို ၂၀၁၇ ခုနှစ်တွင် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဧရိယာအတွင်း စီမံကိန်းနှင့်သက်ဆိုင်ခြင်းမရှိသောလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိကြောင်း ညွှန်ကြားချက်အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ(၁ဧက)လျှင် ကျပ်သိန်း(၁၅၀၀)နှုန်း၊ မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို မြေ(၁ဧက) လျှင် ကျပ်သိန်း(၆၀၀)နှုန်းဖြင့် သတ်မှတ်ဝယ်ယူပေးခြင်းနည်းလမ်းနှင့်လည်းကောင်း၊ စီမံ ကိန်းဧရိယာအတွင်း မြို့မြေကွက်များဖြင့် စီမံကိန်းစာချုပ်ပါအတိုင်း လဲလှယ်ပေးခြင်းနည်းလမ်းနှင့်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါနည်းလမ်းများနှင့်ဆောင်ရွက်ခဲ့ရာ စီမံကိန်းဧရိယာ၏ (၇၅%)ကျော် ဆောင်ရွက်ပြီးမြောက်ခဲ့ပြီးဖြစ်ပါသည်။

၃။ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများအနက် အကြောင်းအမျိုးမျိုးတို့ကြောင့် လာရောက်ရောင်းချခြင်း၊ စီမံကိန်းတွင်ပေါ်ထွက်လာမည့် မြို့မြေကွက်များနှင့် စီမံကိန်းစာချုပ်ပါအတိုင်း လာရောက်လဲလှယ်ခြင်း၊ ဆောင်ရွက်ရန်ကျန်ရှိနေသူများအား မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့်များအတွက် ပြန်လည်ရရှိမည့် ငွေကြေး (သို့မဟုတ်)စီမံကိန်းမြို့မြေကွက်များ လာရောက် ရယူနိုင်ရန် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီက (၁၅-၉-၂၀၂၃) ရက်နေ့တွင် ရက်ပေါင်း(၆၀) ပထမအကြိမ်အဖြစ်လည်းကောင်း၊ (၁၈-၁-၂၀၂၄)ရက်နေ့တွင် ရက်ပေါင်း(၃၀) ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ သတင်းစာများတွင် ကြေညာပေးခြင်း၊သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာချက်ဗီနိုင်းများကပ်ပြီး အသိပေးခြင်းများဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ ထို့အပြင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီမှ (၃၀.၁၂.၂၀၂၃) ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည့် မြေယာဝယ်ယူရေးနှင့်မြို့မြေစလစ်လဲလှယ်ရေးဆပ်ကော်မတီအနေဖြင့် စီမံကိန်းဧရိယာအတွင်းရှိ ပုံစံ(၇)ဖြင့် ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများနှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးလုပ်ကိုင်ခွင့်ရှိသူများ၏ မြေယာများ လာရောက်ရောင်းချရန် ကျန်ရှိသူများ၊ မြို့မြေကွက်လဲလှယ်ရန်ကျန်ရှိသူများအား (၁၁.၄.၂၀၂၄) ရက်နေ့မှ (၁၃.၇.၂၀၂၄)ရက်နေ့အတွင်း (ပထမအကြိမ်မှ ဆဋ္ဌမအကြိမ်အထိ) (၆)ကြိမ် ခေါ်ယူတွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။

၅။ ယခုအခါတွင် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဧရိယာအတွင်းရှိပြီး စီမံကိန်းသို့ လာရောက်ရောင်းချရန် (သို့မဟုတ်) မြို့မြေကွက်များနှင့် လာရောက်လဲလှယ်ရန်ကျန်ရှိနေသည့် ကွင်းအမှတ် (၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁ (ရွှေကြက်ယက်))အတွင်းရှိ ပုံစံ(၇)ရှိသော ကိုင်းမြေစိုက်ပျိုးလုပ်ကိုင်ခွင့်နှင့် မြေခွန်ပြေစာဖြင့် မြေနုစိုက်ပျိုးခွင့်ရရှိထားခဲ့သောမြေနေရာ (၈၀၅.၃၂ဧက)၏ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို ပယ်ဖျက်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၆။ စိုက်ပျိုးလုပ်ကိုင်ခွင့်ပယ်ဖျက်ရုပ်သိမ်းမည့် ကွင်းအမှတ် (၆၀၃၊ ၆၀၄၊ ၆၀၅-က၊ ၆၀၅၊ ၆၀၆-က၊ ၆၀၆၊ ၆၀၇၊ ၆၀၈၊ ၆၀၉၊ ၆၁၁ (ရွှေကြက်ယက်))အတွင်းရှိ (၈၀၅.၃၂ ဧက)တွင်ပါဝင်သော စိုက်ပျိုးလုပ်ကိုင်ခွင့် အထောက်အထားရှိသူများအနေနှင့် မိမိတို့၏စိုက်ပျိုးလုပ်ကိုင်ခွင့်စာရွက်စာတမ်းမူရင်းများဖြင့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီတွင် (၁၈.၁၁.၂၀၂၄)ရက်နေ့ နောက်ဆုံးထားပြီး သတ်မှတ်နှုန်းထားငွေကြေးသော်လည်းကောင်း၊ စီမံကိန်းစာချုပ်ပါအတိုင်း စီမံကိန်းမှပေါ်ထွက်လာမည့် မြို့မြေကွက်သော်လည်းကောင်း ရယူ/ထုတ်ယူနိုင်ရန် အသိပေးအပ်ပါသည်။

၇။ နောက်ဆုံးဆက်သွယ်ဆောင်ရွက်ရမည့် သတ်မှတ်ရက်ကျော်လွန်ပါက အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီက လိုအပ်သလိုဆက်လက် စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အတွင်းရေးမှူး

အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ

**ဆက်သွယ်ရန်**

- ခရိုင်အုပ်ချုပ်ရေးမှူး၊ အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
  ဖုန်းနံပါတ် (၀၉-၂၀၀၉၅၅၆)
- အတွင်းရေးမှူး ၊ အမရပူရ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၄၂၈၀၀၁၄၅၄)
- အဖွဲ့ဝင် ၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအထောက်အကူပြုကော်မတီ
  ဖုန်းနံပါတ် (၀၉-၉၆၉၉၈၈၀၁၁ / ၀၉-၉၆၉၉၈၈၈၉၇)


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)





## “အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm




## မွေးသက္ကရာဇ်အမှန်

မြစ်သားမြို့နယ်၊ ခတက္ကုန်းကျေးရွာနေ ဦးပေါ်လာ+ဒေါ်ခင်မာထွေး တို့၏သမီး မအိဇင်ဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ၇-၅-၂၀၀၀ ဖြစ်ပါကြောင်း။

၇-၅-၂၀၀၀

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရဲထွန်းမင်း ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော မသဇင်အောင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးခင်မောင်ထွန်း ဖြစ်ပါကြောင်း။

ဦးခင်မောင်ထွန်း(၉/စကတ(နိုင်)၁၅၃၁၉၂)

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြင်းခြံမြို့နယ်၊ ဒေါင့်သစ်အုပ်စု၊ တန်ဆောင်းကျေးရွာနေ ဦးသက်နိုင်+ဒေါ်ဆွေဆွေမြင့် တို့၏သား **မောင်ထက်ဝေလင်း** (၉/မခန(နိုင်)၂၇၇၄၀၈) သည် မိဘဆိုဆုံးမစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*စုံစမ်းမေးမြန်းခြင်းသည်းခံပါ*

ဦးသက်နိုင် (၉/မခန(နိုင်)၇၆၅၃၀၇

ဒေါ်ဆွေဆွေမြင့် (၉/မခန(နိုင်)၀၆၅၃၁၇)

## ပျောက်ဆုံးကြောင်း

ကလေးမြို့နယ်နေ မောင်ဂင့်ဆောင်းလျှန်း (ဘ)ဦးဟောက်ခန့်ထန်(၅/ကလထ(နိုင်)၁၇၆၅၂၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၇၃၈၈၀၆၈၇

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ လင်ကြီး(မ)ကျေးရွာနေ မောင်လင်းလင်းကို (ဘ) ဦးကျော် (၉/မခန(နိုင်)၂၇၆၄၆၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-297744)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၈၀၃၇၄၉၈၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်၊ အကွက်(၃၂၅)နေ မသန္တာဆွေ၊ မအိရွှေဇင်၊ မောင်ညီညီနိုင် တို့၏ဖခင် ဦးမောင်မြင့် (ခ) ဦးမြင့်နိုင် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမောင်မြင့်(ခ)ဦးမြင့်နိုင်(၈/ရစက(နိုင်)၀၄၁၆၂၈)

## အဖိုးတန်ရေချိုကို ချွေတာပါ

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပညာရေးမှူးရုံးတွင် အကြီးတန်းစာရေးတာဝန်ထမ်းဆောင်နေသော ဦးကျော်ကျော်လွင် (ဘ) ဦးသန်း (၉/မခန(နိုင်)၀၂၅၅၇၆)၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ ၁၄-၃-၁၉၆၇ ဖြစ်ပါကြောင်း။

၁၄-၃-၁၉၆၇

## သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို




အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ GDPတွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ပါရှိ...

❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်...

❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDPသည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၅ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော် ဒုတိယနေ့ ဆက်လက်ကျင်းပ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြား



**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ယနေ့တန်ဆောင်တိုင်မီးထွန်းပွဲတော် ဒုတိယနေ့ကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ပါဝင်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားခဲ့သည်။

ဦးစွာ တာဝန်ရှိသူများက တန်ဆောင်တိုင်မီးထွန်းပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ပွဲတော်အတွင်း

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

